# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်**

**(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၆၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၇၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၅ ရက်၊

(၂) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၃) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၅ ရက်၊

(၄) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၅) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၃ ရက်၊

(၆) တနသ်ာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ပြီးဆုံးသည့်အထိ၊

(၇) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၂ ရက်၊

(၈) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၁ ရက်၊

(၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၁၀) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၁၁) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဒွေး ခွင့် ၄ ရက်၊

(၁၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၅ ရက်၊

(၁၃) ပေါက်တောမဲဆန္ဒနယ်မှ ဦးထွန်းအောင်ခိုင် ခွင့် ၅ ရက်၊

(၁၄) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၅ ရက်၊

(၁၅) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်၊

(၁၆) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၁၈) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၁၉) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၅ ရက်၊

(၂၀) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ၁ ရက်၊

(၂၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၂၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၂၃) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင် ၁ ရက်၊

(၂၄) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၅ ရက်၊

(၂၅) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၂၆) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၂၇) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၂၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၂၉) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၅ ရက်၊

(၃၀) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၃၁) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၁ ရက်၊

(၃၂) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၃ ရက်၊

(၃၃) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၅ ရက်၊

မူကြမ်း

(၃၄) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေး ခွင့် ၅ ရက်၊

(၃၅) ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ခွင့် ၁ ရက်၊

(၃၆) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၃၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၃၈) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊

(၄၀) မြိတ်မဲဆန္ဒနယ်မှ ဦးဒွေးမြင့် ခွင့် ၁ ရက်နှင့်

(၄၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းများတွင် မတော်တဆပေါက်ကွဲမှုမျိုး မဖြစ်ပွားစေရေးနှင့် ဖြစ်ပွားနိုင်သည့် အလားအလာကို ကြိုတင်သိရှိနိုင်ရေး အစီအမံများ ရေးဆွဲသတ်မှတ်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအေးမြင့်(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်လိုက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှာ တရုတ်(တိုင်ပေ)မြို့ရဲ့ ဒုတိယအကြီးဆုံးမြို့တဲ့ ကောင်စီအဲမ်းမြို့မှာ မြေအောက်ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားပြီးတော့မှ လူ ၂၇ ဦး သေဆုံးတဲ့အပြင် ၂၇၀ ဦးကျော် ထိခိုက်ဒဏ်ရာရရှိကြောင်းနှင့် အပျက်အစီးအဆုံးအရှုံးများပြားစွာရှိကြောင်း သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ ဒီသတင်းကြောင့်လည်း ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အဲ့ဒီသတင်းကိုဖတ်ရှုပြီးတဲ့နောက်မှာ ကျွန်တော်တို့မြန်မာနိုင်ငံမှာဖောက်လုပ်ပြီးစီးခဲ့တဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ကနေစတင်ပြီး တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အထိ ဆက်သွယ်ထားတဲ့ ဓာတ်ငွေ့ပိုက်လိုင်းအတွက် စိုးရိမ်ပူပန်စိတ်များ ပြည်သူများအတွင်းမှာ ပေါ်ပေါက်ခဲ့ပါတယ်။ ယင်းဓာတ်ငွေ့ပိုက်လိုင်းကြီးဟာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ကတစ်ဆင့် တရုတ်ပြည်၊ ကွေ့ကမ်းမြို့အထိ ကီလိုမီတာ ၂၅၀၀ ခန့်ရှည်လျားပြီး မြန်မာနိုင်ငံအတွင်းမှာ ကီလိုမီတာ ၈၀၀၊ တရုတ်နိုင်ငံအတွင်းမှာ ကီလိုမီတာ ၁၇၀၀ ရှိကြောင်းလည်း သိရှိရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာတော့ ကျောက်ဖြူမြို့ကစတင်ပြီး ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ သီပေါ၊ နမ့်စန်၊ နမ္မတူမှတစ်ဆင့် ရွှေလီမြို့ကိုဖြတ်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ဆက်သွယ်ထားခြင်းဖြစ်ပါတယ်။

ခေတ်ငွေ့ ပိုက်လိုင်းရာနှုန်းပြည့်သုံးမယ်ဆိုရင် တစ်နေ့ကိုခေတ်ငွေ့ကုဗပေ သန်းပေါင်း ၅၀၀ ခန့် ပို့လွှတ်နိုင်ကြောင်းလည်း သိရှိရပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ တရုတ်(တိုင်ပေ)မှာ ဖြစ်ပွားခဲ့တဲ့ မတော်တဆခေတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် မြန်မာ-တရုတ်ဆက်စပ် ဖောက်လုပ်ထားတဲ့ ခေတ်ငွေ့ပိုက်လိုင်းကြီးမှာလည်း ပိုက်လိုင်းများမြေအောက်ကို ဘယ်လိုမြှုပ်ထားသလဲ။ ပိုက်လိုင်းအနားမှာရှိတဲ့ ကျေးရွာနဲ့မြို့များ၊ လမ်းများ လုံခြုံရေးအစီအမံများ မည်သို့အစီအမံဆောင်ရွက် ထားသလဲ။ ယင်းအစီအမံများမှာလည်း မည်သို့စိတ်ချရတယ်ဆိုတာကို ပြည်သူများအတွင်းမှာ စိုးရိမ်ပူပန်စိတ်များဖြစ်ပေါ်လာတာရှိပါတယ်။ နိုင်ငံတော်စီမံကိန်းလုပ်ငန်းကြီးများဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့လုပ်ငန်းကြီးများဖြစ်ပြီး နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်တဲ့ နိုင်ငံတော်ရဲ့ အနာဂတ်လည်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်စီမံကိန်းများဟာ နိုင်ငံတော်အတွက် ထိရောက်သော အကျိုးသက်ရောက်မှုရှိဖို့၊ ရေရှည်နိုင်ငံတော်အကျိုးပြုဖို့၊ ယင်းစီမံကိန်းများမှာ လုံလောက်တဲ့ လုံခြုံရေးအစီအမံများရှိဖို့ မလွဲမသွေလိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးခွန်းကတော့ မြန်မာ-တရုတ် ဆက်သွယ်ဖောက်လုပ်ခဲ့တဲ့ ခေတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှာ မတော်တဆပေါက်ကွဲမှုမျိုး မဖြစ်ပွားစေရေး၊ ဖြစ်ပွားနိုင်တဲ့အလားအလာကို ကြိုတင်သိရှိနိုင်ရေး စတဲ့အစီအမံများ ရေးဆွဲသတ်မှတ်ထားခြင်းရှိ/မရှိနဲ့ နိုင်ငံတော်ရဲ့ အခြားအလားတူစီမံကိန်းကြီးများမှာလည်း ပြည့်စုံတဲ့လုံခြုံရေးအစီအမံများ ရေးဆွဲသတ်မှတ်ဆောင်ရွက်ထားခြင်း အစီအစဉ်ရှိ/မရှိ၊ အခြေအနေမှန်များကို ပြည်သူသို့ပွင့်လင်းမြင်သာစွာ အချိန်မီအသိပေးလိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သူရဦးအေးမြင့်က မြန်မာ-တရုတ် ဆက်သွယ်ဖောက်လုပ်ခဲ့တဲ့ ခေတ်ငွေ့ပိုက်လိုင်း

မူကြမ်း

စီမံကိန်းတွင် မတော်တဆပေါက်ကွဲမှုမျိုး မဖြစ်ပွားစေရေး၊ ဖြစ်ပွားနိုင်သည့်အလားအလာကို ကြိုတင်သိရှိနိုင်ရေး စသည့်အစီအမံများ ရေးဆွဲထားနိုင်ခြင်းရှိ/မရှိနှင့် နိုင်ငံတော်၏ အခြားအလားတူ စီမံကိန်းများတွင်လည်း ပြည့်စုံသည့် လုံခြုံရေးအစီအမံများ ရေးဆွဲသတ်မှတ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ အခြေအနေမှန်များကို ပြည်သူသို့ ပွင့်လင်းမြင်သာစွာ အချိန်မီအသိပေးတင်ပြနိုင်ခြင်း ရှိ/မရှိတို့ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး၊ ဦးအောင်ထူးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဒါကတော့ တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ဆိုလိုတာပါ။ ဒီအရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံရေးနှင့်ပတ်သက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်မှ ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိကျေးရွာများ၊ ခြံမြေ၊ လယ်မြေ၊ သစ်တောများနှင့် ပြည်သူများဘေးအန္တရာယ် လုံခြုံမှု ကင်းဝေးစေရေး သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့် စစ်ဆေး၍ လုံခြုံမှုအကာအကွယ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးမှာ စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော်ကပဲ ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ထပ်မံပြီးတော့လည်းပဲ အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပိုက်လိုင်းစပေါက်လို့ ကာကွယ်မှုရှိ/မရှိကိုလည်း မေးခွန်းများမေးထားတာကိုလည်း ကျွန်တော်တို့ နောက်ပိုင်းဆက်လက်ပြီး ဖြေကြားသွားရန်အစီအစဉ်များ ဆောင်ရွက်ထားပြီးလည်းဖြစ်ပါတယ်။

ဒီအရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရာမှာ ပိုက်လိုင်းလုံခြုံစိတ်ချရေးအတွက် ပစ္စည်းအမျိုးအစားရွေးချယ်ခြင်း၊ ဒီဇိုင်းထုတ်လုပ်ခြင်း၊ ပိုက်လိုင်းတည်ဆောက်ခြင်းလုပ်ငန်းအား အပြည်ပြည်ဆိုင်ရာမှ လက်ခံကျင့်သုံးလျက်ရှိတဲ့ American Petroleum Institute (API) Standard အပြင် American Society Of Mechanical Engineers (ASME) Standard အတိုင်း တိတိကျကျလိုက်နာ တည်ဆောက်ထားခြင်းရှိပါတယ်။ တည်ဆောက်မှု အရည်အသွေး ကောင်းမွန်စေရန် ပိုက်လိုင်းများအား ဂဟေဆက်ပြီးတဲ့နောက် အပြစ်အနာအဆာရှိ/မရှိ Non-Destructive Testing NDT Test တို့နဲ့ ဒီမှာဓာတ်မှန် ရိုက်တာပါတယ်။ Ultra Sound ဖြင့် စစ်ဆေးတာပါတယ်။ အဲ့ဒါတွေကိုဆောင်ရွက်ပါတယ်။ NDT Test အောင်မြင်ပြီးတဲ့နောက်

ဆက်ပြီးတော့ ပိုက်လိုင်းအတွင်းသို့ ရေထည့်ပြီး ဖိအားပေးကာ Pressure Test ပြုလုပ်ပါတယ်။ ပိုက်လိုင်းနှင့် စခန်းများအား ဆိုက်စမစ်ပြင်းအား (Seicmic Intensity) ၈ ဒီဂရီနှင့် အခြေခံဆိုက်စမစ်အရှိန် (Seicmic Acceleration) ၀.၃ ဂရမ်ခံနိုင်ရန်နှင့် လျှောင်ဒဏ်ခံနိုင်အောင် Design ပြုလုပ်ပြီးတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒီ American Standard ဖြစ်တဲ့ (ASME) Standard အရ ပိုက်လုံးကို မြေအောက်မှာ ၂.၅ ပေအနက်မှာ မြှုပ်ရမယ်လို့ အရှေ့တောင် အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှာ ၃.၉၃၆ ပေ ထက်ပိုပြီးတော့ နက်စွာမြှုပ်နှံထား တာရှိပါတယ်။ ၎င်းအပြင် အသုံးပြုတဲ့ပိုက်အမျိုးအစားမှာ (API) Standard X70 Carbon Steel Pipes များဖြစ်ပါတယ်။ ပိုက်ကိုသံချေးတက်မှုမှ ကာကွယ်ရန်အတွက် Steel Pipes များအပြင် အပေါ်ကနေ Body Cathing Protective Layer များနှင့်လည်း Coating လုပ်ထားပါတယ်။ အဲ့ဒါ အပြင် ပိုက်လိုင်းမြေမြှုပ်ပြီးတဲ့နောက်မှာ ကျွန်တော်တို့ Cathode Protection System နဲ့လည်းပဲ သံချေးတက်မှုကာကွယ်နိုင်တဲ့ System လေးနဲ့ထားရှိထားပါတယ်။ အဲ့ဒါအပြင် ကျွန်တော်တို့ ပိုက်လိုင်းတစ်လျှောက်မှာ အသုံးပြုတဲ့ Ball Valve တွေဟာဆိုရင် ဂျာမဏီနိုင်ငံကနေပြီးတော့ နာမည်ကြီးကုမ္ပဏီများဖြစ်တဲ့ BOHMER နှင့် SCHUCK ကုမ္ပဏီက ထုတ်လုပ်တဲ့ Ball Valve များကိုလည်း အသုံးပြုထားပါတယ်။

ပိုက်လိုင်းတစ်လျှောက်မှာ ယိုစိမ့်တဲ့နေရာများမှာ လျှင်လျှင်မြန်မြန်နှင့် အတိအကျကြိုတင်သိရှိ ဖို့အတွက် Leakage Monitoring System အလိုအလျောက်မီးဘေးအန္တရာယ် စောင့်ကြည့်စနစ်နှင့် အသိပေးအချက်ပြစနစ်များကိုလည်း တပ်ဆင်ထားပါတယ်။ ၎င်းအပြင် ကနေဒါနိုင်ငံက TELVENT ကုမ္ပဏီမှ ထုတ်လုပ်သည့် အလိုအလျောက်ထိန်းချုပ်ကွပ်ကဲသည့် စနစ် (SCAND) System ကို အသုံးပြုပြီးတော့ ပိုက်လိုင်းကို ၂၄ နာရီစောင့်ကြည့်သည့် ထိန်းသိမ်းသည့်စနစ်ကိုတပ်ဆင် အသုံးပြုထားပါတယ်။ ပိုက်လိုင်းအတွင်းရှိ ဓာတ်ငွေ့နှင့်ရေနံရဲ့ ထုထည်၊ ဖိအား၊ စီးဆင်းနှုန်း၊ အပူချိန်များ ပုံမှန်အတိုင်းရှိ/မရှိကို မန္တလေး Control Station မှစောင့်ကြည့်လျက်ရှိပြီး ကျောက်ဖြူ ရေနံချောင်း၊ တောင်သာ၊ ပြင်ဦးလွင်နှင့် နမ့်ခမ်းမှာရှိတဲ့ သဘာဝဓာတ်ငွေ့ထိန်းသိမ်း ရေးစခန်း ၅ ခုနှင့် မဒေးကျွန်း၊ အမ်းနားကဆင်ခုံတိုင်၊ မန္တလေး၊ သီပေါရေနံနှင့်စခန်း၊ နမ့်ခမ်းရှိ ရေနံပိုက်လိုင်း စခန်း ၅ ခုတို့မှ အရေးပေါ်အခြေအနေဖြစ်ပွားလို့ရှိရင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် မန္တလေးတွင် အရေးပေါ်ပြုပြင်ထိန်းသိမ်းရေးစခန်းများကိုလည်း ထပ်ပြီးတည်ဆောက်ထားပါတယ်။ ၎င်းအပြင် ဒီအရေးပေါ်အတွက် သီးခြားမန္တလေးမှာရှိတဲ့ ဗဟိုစခန်း၊ ဆင်ခုံတိုင်နှင့် သီပေါရေနံနှင့်စခန်းတို့မှာ

လည်း အရေးပေါ်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့များထားရှိပြီး၊ အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် မဒဲကျွန်း၊ ကျောက်ဖြူဓာတ်ငွေ့၊ ဆင်ခုံတိုင်နဲ့ တောင်သာဓာတ်ငွေ့စခန်း၊ ပြင်ဦးလွင် ဓာတ်ငွေ့ဖိအား မြှင့်စခန်းနှင့် မန္တလေး၊ ကျောက်ဖြူ မူဆယ် မြို့များရှိ စီမံခန့်ခွဲရေးရုံးများတွင် မီးသတ်ပစ္စည်းများ အစုံနှင့်ထားရှိပြီးဖြစ်ပါတယ်။ အရှေ့တောင် အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း လုံခြုံမှု အပြည့်အဝရရှိရေးအတွက် ယခုကာလအတွင်းမှာ ပြည်ပနိုင်ငံအချို့မှာဖြစ်ပွားခဲ့သော သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုမျိုး မဖြစ်ပေါ်စေရေးအတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ လေ့လာသုံးသပ်ချက်နဲ့ အရေးပေါ်ကိစ္စများအတွက် ပြင်ဆင်ထားတဲ့ပုံတွေကိုလည်း ကျွန်တော်တို့ အလုပ်ရုံဆွေးနွေးပွဲတွေကို ဒီအောက်တိုဘာထဲမှာ ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနမှာ ကျင်းပခဲ့ ပါတယ်။ အဲ့ဒီကနေပြီးတော့မှ ဒီထိုင်ဝမ်ဓာတ်ငွေ့ပိုက်လိုင်း အားနည်းချက်တွေကိုလည်း လေ့လာ သုံးသပ်တဲ့အခါမှာ အချက် ၄ ချက်ကို တွေ့ရှိရပါတယ်။ ပိုက်လိုင်းရဲ့တည်နေရာ Right of Way မှ အမှတ်အသားတွေကို လုပ်မထားပါဘူး။ အမှတ်အသား လုပ်မထားတဲ့အတွက်ကြောင့်မို့လို့ လမ်းဖောက်လုပ်တဲ့အခါမှာ ပိုက်လိုင်းနဲ့အပြိုင် အပေါ်ကနေ အုပ်ပြီးတော့ လမ်းကိုဖောက်တဲ့အတွက် ဒီပေါက်ကွဲမှုဖြစ်တဲ့အခါမှာ လမ်းတော်တော်အခြေအနေ၊ နောက်တစ်ခုက ပိုက်လိုင်းယိုစိမ့်မှုကြောင့် Line Pressure ကျဆင်းနေတာကို အသုံးပြုနေတဲ့ User ကုမ္ပဏီတွေကလည်း Pipeline Operator သို့အကြောင်းကြားခြင်း မရှိခဲ့ကြောင်းလည်း ဖြစ်ပါတယ်။ အလားတူပဲ Pipeline Operator မှာလည်း Control Station များမှာ ဖိအားနည်း ထုထည်ပြောင်းလဲမှုကို စောင့်ကြည့်တဲ့ဟာကို ပျက်ကွက်သွားတဲ့ အခြေအနေလည်းတွေ့ရှိပါတယ်။ နောက်ပိုက်လိုင်းသက်တမ်းဟာ နှစ်ပေါင်း ၃၀ ကျော်ကျော်လောက် ရှိပြီး ဆွေးမြေ့နေတဲ့အခြေအနေကိုလည်း ကျွန်တော်တို့သုံးသပ်ရရှိတဲ့အတွက် မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ အရှေ့တောင်အာရှရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းမှာ ယခုဖော်ပြ ခဲ့တဲ့ အားနည်းချက်မျိုးတွေ မဖြစ်ပေါ်အောင်လည်းပဲ စီမံ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

အလားတူပဲ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အကောင်အထည်ဖော်နေတဲ့ ရဲတံခွန်၊ ရတနာနှင့်ဇောတိကပိုက်လိုင်းများမှာလည်း မတော်တဆမဖြစ်စေရေးအတွက် ကြိုတင်သိရှိနိုင်ရန် အတွက် ဖော်ပြပါခေတ်မီစနစ်များ၊ အစီအမံများ တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။ အရှေ့တောင် အာရှသဘာဝဓာတ်ငွေ့ ပိုက်လိုင်းတည်ဆောက်ထားမှု၊ လုံခြုံစိတ်ချရမှုနှင့် ပတ်သက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ ဒုတိယအကြိမ် ရန်ကုန်မြို့

မှာ သတင်းမီဒီယာများနှင့်လည်း တွေ့ဆုံရှင်းလင်းအသိပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ အရှေ့တောင်အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်တွေကိုလည်း ပိုက်လိုင်းဖြတ်သန်းရာ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ မြို့နယ် ၂၃ မြို့နယ်သို့ ဖြန့်ဝေပြီး ပြည်သူလူထုသိရှိနိုင်ရေး အသိပေးဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ကိုယ်တိုင်စိုက်ပျိုးမွေးမြူ၍ရရှိလာသော သနပ်ခါး၊ သစ်မွှေးနှင့် ပျားထွက်ပစ္စည်းများအတွက် အခွန်အခများ ကောက်ခံခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ခိုင်ဝင်း၊ မယ်စဲ့မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၅ အပိုဒ် ၁၂ (ခ) အရ ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့အပေါ်မှာ ကောက်ခံတဲ့အခွန်များဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့က ကောက်ခံခွင့်ရရှိကြပါတယ်။ သို့သော်လည်းပဲ သနပ်ခါး၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများဟာ သဘာဝသစ်တောများမှ ထုတ်ယူနိုင်မှုအလွန်နည်းလျက်ရှိပြီး သနပ်ခါးကို မြန်မာနိုင်ငံအလယ်ပိုင်း၌ အကြီးအကျယ်စိုက်ပျိုးထုတ်လုပ် ရောင်းချနေကြပါတယ်။ သစ်မွှေးဆိုရင်လည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ် စသည်ဖြင့် အကြီးအကျယ်စိုက်ပျိုးနေကြတာကို လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ မိမိကိုယ်တိုင်စိုက်ပျိုးမွေးမြူ၍ ရရှိလာသော သနပ်ခါး၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများသည် သစ်တောအခွန်ကောက်ခံခြင်းရှိ/မရှိနှင့် အခြားအခွန်အခများကောက်ခံခြင်း ရှိ/မရှိ။ ယခု(၁)နှစ်၊ (၂)နှစ်အတွင်းမှာ သနပ်ခါး၊ သစ်မွှေးနှင့် ပျားထွက်ပစ္စည်းတွေကို နိုင်ငံတော်အတွက် အခွန်အခနှစ်စဉ်မည်မျှခန့်ရရှိနေသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

ဖြေကြားချက်

**ဦးအေးမြင့်မောင်(ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးအေးမြင့်မောင်ဖြစ်ပါတယ်။ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းရဲ့ မိမိကိုယ်တိုင်စိုက်ပျိုးမွေးမြူ၍ ထွက်ရှိလာတဲ့ သနပ်ခါး၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများမှ သစ်တောခွန်ကောက်ခံခြင်းရှိ/မရှိ၊ အခြားအခွန်ကောက်ခံခြင်းရှိ/မရှိနှင့် ယခု(၁)နှစ်၊ (၂)နှစ်အတွင်းမှာ သနပ်ခါး၊ သစ်မွှေးနှင့် ပျားထွက်ပစ္စည်းများမှ နိုင်ငံတော်အတွက် အခွန်အခ မည်၍မည်မျှရရှိနေသည်ကို သိရှိလိုပါကြောင်းမေးခွန်းနှင့် ပတ်သက်လို့ ပြန်လည်ဖြေကြား သွားမှာဖြစ်ပါတယ်။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ အခန်း (၁)အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် အပိုဒ်(၂)(င)တွင် သစ်တောထွက်ပစ္စည်းဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲပိုင်ခွင့် ရှိသောမြေတွင်ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့် ယင်းတို့မှထွက်သော ပစ္စည်းများကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ထိုနည်းတူပဲ ပုဒ်မခွဲ (စ)မှာ အသေးစားသစ်တောထွက်ပစ္စည်းဆိုသည်မှာ ဤဥပဒေအရ အသေးစားသစ်တောထွက်ပစ္စည်း အဖြစ် သတ်မှတ်ကြေညာထားသည့် သစ်တောထွက်ပစ္စည်းကိုဆိုသည်ဟု ဖော်ပြထားရှိတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

သစ်တောဥပဒေပုဒ်မ (၂၀)မှာ သစ်တောထွက်ပစ္စည်း ထုတ်ယူခြင်းနှင့် စပ်လျဉ်း၍ အသေးစား သစ်တောထွက်ပစ္စည်းအမျိုးအမည်၊ အခွန်နှုန်းနှင့် အခြားအခကြေးငွေများကို ညွှန်ကြားရေးမှူးချုပ် က ပြည်ထောင်စုဝန်ကြီးရဲ့ သဘောတူညီချက်နဲ့ သတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅) ပုဒ်မ ၂၅၄ (က)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဇယား (၅) ပါ အခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေသို့ ပေးသွင်းရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမယ့် အခွန်အခများဇယား ၅ အပိုဒ်(၁၂)မှာ ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့အပေါ် ကောက်ခံသည့်အခွန်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ သစ်တောဥပဒေ ပုဒ်မ ၂၀ အရ အသေးစားသစ်တောထွက်ပစ္စည်း ၅၈ မျိုး သတ်မှတ်ထားရှိပြီး

သက်ဆိုင်ရာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက ၎င်းပစ္စည်းများအပေါ် ၆ လတစ်ကြိမ် အတည်ပြုတဲ့ ဒေသပေါက်ဈေးရဲ့ ၂၅ ရာခိုင်နှုန်းကို အခွန်အခအဖြစ် ကောက်ခံလျက်ရှိပါတယ်။ ဒီလို ကောက်ခံရရှိတဲ့ဟာကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကို ပေးသွင်းလျက်ရှိကြောင်းသိရှိရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာန စီမံခန့်ခွဲမှု၊ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေသစ်တောနယ်မြေနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ အပါအဝင် အဲ့ဒီမြေမှအပ ကျန်မြေများမှာ မိမိကိုယ်တိုင်စိုက်ပျိုးထွက်ရှိသော သနပ်ခါးအပေါ် အခွန်တော်ကောက်ခံခြင်းမပြုဘဲ ကင်းလွတ်ခွင့်ပြုပါရန်ကိစ္စနှင့်ပတ်သက်၍ သဘာဝသစ်တောမှ ထွက်ရှိမှုမဟုတ်ကြောင်း ရှင်းလင်းကွဲပြားစေရန်အတွက် သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနရုံးများမှာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်သွားရန်နှင့် ယင်းအခွန်အခ ကောက်ခံမှုနှင့်ပတ်သက်လို့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ သဘောထားရယူတင်ပြရန် တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများကို အကြောင်းကြားပြီး ဆန္ဒသဘောထားရယူလျက်ရှိပါတယ်။ ဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေမှအပ မိမိကိုယ်ပိုင်မြေမှာ စိုက်ပျိုးထွက်ရှိတဲ့ သနပ်ခါးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ သဘောထားမှတ်ချက်များရရှိလာခဲ့လို့ရှိရင် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေမှအပ ကျန်မြေများမှာ မွေးမြူလျက်ရှိတဲ့ ပျားထွက်ပစ္စည်းနှင့်ပတ်သက်လို့လည်း သက်ဆိုင်ရာပျားလုပ်ငန်းဦးစီးဌာနမှာ မှတ်ပုံတင်ထားရှိပြီး အဲ့ဒီပျားလုပ်ငန်းဦးစီးဌာနရဲ့ ထောက်ခံချက်ပါရှိပါက သစ်တောအခွန်အဖြစ်နဲ့ ကောက်ခံခြင်းမရှိပါကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။

မိမိပိုင်မြေပေါ်မှာ ကိုယ်တိုင်စိုက်ပျိုးတဲ့ သစ်မွှေးပင်များနဲ့ပတ်သက်လို့လည်း သစ်တောဦးစီးဌာနမှာ သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ထားရန် လိုအပ်ပါတယ်။ သစ်မွှေးပင်ဟာ CITES Appendix II မှာပါဝင်တဲ့ မျိုးဆက်ပျက်သုန်းလုရှိတဲ့ သစ်ပင်ပန်းမန်မျိုးစိတ်ဖြစ်သဖြင့် ပြည်ပကို တင်ပို့ရောင်းချတဲ့အခါမှာ CITES permit ရယူဖို့လိုအပ်ပါတယ်။ ထိုနည်းတူပဲ CITES permit ရယူသလို အခွန်ပေးသွင်းရန်လည်းလိုအပ်ကြောင်း ဖော်ပြလိုပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ ယခု (၁)နှစ်၊ (၂)နှစ်အတွင်း အခွန်ငွေကောက်ခံရရှိမှုကို သိရှိလိုပါကြောင်းမေးမြန်းချက်နှင့် ပတ်သက်လို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ သနပ်ခါးမှ ၄၂၅၂၈၀၀၀ ကျပ်၊ ပျားရည်/ပျားဖယောင်းမှ ၁၂၄၆၇၅၀ ကျပ် စုစုပေါင်း ၄၃၇၇၄၇၅၀ ကျပ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ စက်တင်ဘာလကုန်အထိ သနပ်ခါးမှ ၁၇၃၉၃၀၀၀ ကျပ်၊ ပျားရည်/ပျားဖယောင်းမှ ၁၅၄၇၇၅၀ ကျပ် နှင့် သစ်မွှေးပန်း/အရွက်နု/ အသီးခွံ

ခြောက်မှ ၄၇၅၂၀၀ ကျပ် စုစုပေါင်း ၁၉၄၁၃၉၅၀ ကျပ် ကောက်ခံရရှိခဲ့ပါကြောင်းနှင့် သစ်တော ဦးစီးဌာနအနေဖြင့် သတ်မှတ်ထားတဲ့ သစ်တောအခွန်အခများကိုသာ ကောက်ခံပါကြောင်းနှင့် အခြား အခွန်အခများကို ကောက်ခံခြင်းမရှိပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းလုပ်ငန်း ပြီးဆုံးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ခင်ဌေးကြွယ်ဖြစ်ပါတယ်။ ကျွန်မမှ အမျိုးသား လွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပေးပို့သော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ် ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေ ကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆို ခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌

၁၄-၁၀-၂၀၁၄ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၂၀-၁၀-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ၁၉၄၇ ခုနှစ်ကပြဋ္ဌာန်းခဲ့ပြီး အစိုးရအတွက် ကာလအပိုင်းအခြားတစ်ခုအတွင်း လိုအပ်သော အဆောက်အအုံနှင့် သိုလှောင်ရုံများကို အမိန့်စာဖြင့် အတင်းအကြပ်တောင်းဆို၍ အသုံးပြုနိုင်ရန် အတွက် ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်ပြီး ယခုလက်ရှိ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှု မရှိသဖြင့် ရုပ်သိမ်းလိုခြင်းဖြစ်ကြောင်း တင်ပြထားပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၁-၁၀-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းအစည်း အဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ကြရာ ရုပ်သိမ်းသည့်ဥပဒေကြမ်းတွင် အပိုဒ်(၂)ခု ပါရှိပြီး ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိခြင်း၊ လက်ရှိအခြေအနေတွင် ကိုင်တွယ်ကျင့်သုံးခြင်းမရှိတော့သည်ကို တွေ့ရှိ ရသဖြင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မရှိ လက်ခံရန် သဘောတူခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆို ခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်

ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၀-၁၀-၂၀၁၄ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၁-၁၀-၂၀၁၄ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေး ကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ဦးစွာ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဇော်မြင့်မောင်(ကျောက်ပန်းတောင်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါလို့ တလေးတစားနှုတ်ဆက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ်လေ့လာရေးကော်မရှင် အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမယ့်ရွေးကောက်ပွဲစနစ် Electoral System ကို လေ့လာတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပထမအကြိမ် အစီရင်ခံစာတင်သွင်းတုန်းက ကျွန်တော်တို့ ရွေးကောက်ပွဲစနစ်သုံးမျိုးကို တင်ပြခဲ့ပါတယ်။ (၁)က ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတဲ့ FPTP စနစ်ဖြစ်ပါတယ်။ (၂)က ကျွန်တော်တို့ ပြည်နယ်ခုနစ်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခု စုစုပေါင်း ၁၂၆ မြို့နယ်ကို ကျွန်တော်တို့ ယခုလက်ရှိကျင့်သုံးနေတဲ့ FPTP ကိုပဲ ကျင့်သုံးပါမယ်။ ကျန်တဲ့ တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီကို PR စနစ်ကျင့်သုံးပါမယ်ဆိုပြီးတော့ ဒုတိယရွေးကောက်ပွဲစနစ်ကို တင်သွင်းပါတယ်။ တတိယကတော့ တစ်နိုင်ငံလုံးမှာ မြို့နယ် ၃၃၀ ကိုအခြေခံပြီးတော့ မဲဆန္ဒနယ်ခွဲခြားပြီးတော့ PR စနစ်ကို တစ်နိုင်ငံလုံးကျင့်သုံးမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ကော်မရှင်ရဲ့ ပထမအကြိမ် ကျွန်တော်တို့ တင်သွင်းခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ကို Mandate ပေးထားတာ၊ လုပ်ပိုင်ခွင့်ပေးထားတာဟာ ရွေးကောက်ပွဲစနစ် (Electoral System) ကိုပဲဖြစ်ပါတယ်။ ယနေ့ ကော်မရှင်ရဲ့အစီရင်ခံစာမှာပါသွားတဲ့ နည်းလမ်း ၃ ကနေ ၈ အထိဟာ Design များဖြစ်ပါတယ်။ System နဲ့ Design ဟာ ကွဲပြားပါတယ်။ အဲ့ဒီတော့ Design ကို ကျွန်တော်တို့ လုပ်ပိုင်ခွင့်မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လုပ်ပိုင်ခွင့်မရှိတဲ့ဘောင်ကို ဒီနည်းလမ်း ၃ ကနေ ၈ အထိ လုပ်ကိုင်ထားတယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲကော်မရှင် အစည်းအဝေးတွေမှာ စိတ်ကောင်းစေတနာကောင်းနဲ့ နိုင်ငံတော်နှင့် ပြည်သူ့အတွက် ကျွန်တော်တို့ အကျေအလည်ဆွေးနွေးကြပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့တစ်တွေဟာ ကော်မရှင်ဥက္ကဋ္ဌလည်း အမြဲတမ်း ပြောပါတယ်။ ဖတ်သွားတော့လည်း ပါပါတယ်။ ကျွန်တော်တို့တွေ ရွေးကောက်ပွဲစနစ်ကို တင်ပြမှာ ဖြစ်ပါတယ်။ ရွေးတဲ့အခါ ဘယ်သူတွေရွေးမှာလဲ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးအားလုံးက ရွေးချယ်ကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကော်မရှင်ရဲ့နောက်ဆုံးဥက္ကဋ္ဌရဲ့အစီရင်ခံစာမှာ နည်းလမ်း ၃ နဲ့ ၄ ဟာ နိုင်ငံတော်နဲ့လိုက်လျောညီထွေမှုရှိမယ်လို့ ပြောသွားခြင်းကို ကျွန်တော်တို့ရဲ့သဘောထား မပါပါဘူး။ ဒါကြောင့်မို့လို့ အလေးအနက်ထား ကန့်ကွက်ပါတယ်။ အဲ့ဒီတော့ နည်းလမ်း ၃ နဲ့ ၄ ဟာ ကျွန်တော် တစ်ဆက်တည်းပြောပြချင်တာကတော့ Very Arbitrary ကျွန်တော်တို့ အတ္တနောမတိ နဲ့ ရေးဆွဲထားတာဖြစ်ပါတယ်။ အသေးစိတ် မည်သည့်အချက်

အလက်မှမပါဘူး ဖြစ်ပါတယ်။ ဒီတော့ ဒီလိုနည်းလမ်းကိုလည်း ကျွန်တော်တို့ လုပ်ပိုင်ခွင့်မရှိဘဲနဲ့ ဒီ အတ္တနောမတိနဲ့ ရေးထားတဲ့ဟာတစ်ခုကို ကော်မရှင်ရဲ့ အကြံပြုချက်ဆိုတာဟာ ကျွန်တော်ထင်ပါ တယ်။ ကျွန်တော်တို့ သဘောထားမပါတဲ့အတွက် ဒါကို ထပ်ဆင့်ပြီး ပြောပြခြင်းဖြစ်ပါတယ်။ ကန့်ကွက် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယနေ့ အဆိုရှင်တွေ ဒီရွေးကောက်ပွဲစနစ်ပြောင်းဖို့ ထောက်ခံ သွားတဲ့လူတွေအားလုံးဟာ PR စနစ်ဟာ နိုင်ငံတော်တော်များများမှာ ကျင့်သုံးနေပြီလို့ ပြောပါတယ်။ အဲ့ဒီတော့ PR စနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေကို ကြည့်လိုက်ပါ။ ကျွန်တော်တို့ FPTP လက်ရှိ ကျွန်တော်တို့ကျင့်သုံးနေတဲ့ မဲများသူအနိုင်ယူတဲ့ Plurality/Majority စနစ်ကို ကျင့်သုံးနေတဲ့ နိုင်ငံပေါင်း အဲ့ဒီအုပ်စုမှာရှိတဲ့နိုင်ငံပေါင်း ကြည့်လိုက်မယ်ဆိုရင် အားလုံးပေါင်း ၉၁ နိုင်ငံရှိပါတယ်။ PR စနစ်သက်သက်ကို ကျင့်သုံးနေတဲ့နိုင်ငံပေါင်းက ၇၂ နိုင်ငံရှိပါတယ်။ ဒါပေမယ့် ဒါကို လူဦးရေနဲ့ အချိုးကျကြည့်လိုက်လို့ရှိရင် FPTP စနစ်ဆိုတဲ့ မဲများသူအနိုင်ယူတဲ့စနစ်ကို ကျင့်သုံးနေတဲ့ လူဦးရေ ပေါင်းဟာ ၂.၆၂ ဘီလီယံရှိပါတယ်။ PR စနစ်ကို ကျင့်သုံးနေတာက ၁.၁၈ ဘီလီယံပဲရှိပါတယ်။ နှစ်ဆ ဖြစ်ပါတယ်။ အဲ့ဒီတော့ ယနေ့ နိုင်ငံတကာမှာလည်း FPTP စနစ်ဟာ လက်ရှိကျင့်သုံးနေတဲ့စနစ်ဟာ အများစု ကျင့်သုံးနေတဲ့စနစ် ဖြစ်တယ်ဆိုတဲ့အကြောင်း ကျွန်တော် အလေးအနက် ထပ်ပြောချင်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရွေးကောက်ပွဲစနစ်လေ့လာရေးကော်မရှင်ဟာ ပညာရှင်တွေ ခေါ်ပြီးဆွေးနွေးခဲ့ပါတယ်။ ဒါကို အကြမ်းဖျင်း အကျဉ်းချုံးပြီးပြောချင်ပါတယ်။ ကျွန်တော်တို့ ရှေ့နေချုပ်ရုံးက လာဆွေးနွေးသွားတဲ့အခါမှာ ကျွန်တော်တို့ လက်ရှိ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာတဲ့ ယနေ့ လက်ရှိ ကျွန်တော်တို့ ကျင့်သုံးနေတဲ့ FPTP စနစ်အတွက် ရည်ရွယ်ပြီး ရေးဆွဲ ထားခြင်းဖြစ်တဲ့အတွက် တခြားနည်းလမ်းတစ်ခု၊ စနစ်တစ်ခုကို သုံးမယ်ဆိုရင် အခြေခံဥပဒေကို ပြင်ဆင်ရပါလိမ့်မယ်လို့ ပြောသွားပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာပညာရှင်တွေနဲ့လည်း ဆွေးနွေး ခဲ့ပါတယ်။ အဲဒါက NDI ကခေါ်တဲ့ ကနေဒါပညာရှင်၊ IDEA က ပညာရှင်၊ နောက် ဂျာမန်ပညာရှင်တွေ လာဆွေးနွေးခဲ့ပါတယ်။ ဒီပညာရှင်တွေရဲ့ ဆွေးနွေးချက်ဟာ ကျွန်တော်တို့ ဗဟုသုတအများကြီး ရပါတယ်။ အဲ့ဒီတော့ ရွေးကောက်ပွဲစနစ်တစ်ခုကို ကျွန်တော်တို့ တစ်ခုကနေ တစ်ခုပြောင်းမယ်ဆို လို့ရှိရင် ကျွန်တော်တို့ သိထားသင့်တဲ့အချက်တွေရှိပါတယ်။ ရွေးကောက်ပွဲက ရိုးရှင်းရမယ်။ တရား မျှတမှုရှိရမယ်။ ကျွန်တော်တို့မှာရှိနေတဲ့ နိုင်ငံသူနိုင်ငံသားတွေအားလုံး ဆင်းရဲ၊ ချမ်းသာ ဘာသာ အယူဝါဒ မကွဲပြားဘဲ အားလုံးပါဝင်နိုင်တဲ့ ရွေးကောက်ပွဲဖြစ်ရမယ်။ နောက် မဲဆန္ဒရှင်တွေအားလုံး

တန်းတူအခွင့်အရေးတွေရရမယ်။ အရေးအကြီးဆုံးကတဲ့ မဲဆန္ဒရှင်တွေဟာ ကိုယ်ရွေးမယ့် လွှတ်တော်ကိုယ်စားလှယ်အပေါ်မှာ လွှမ်းမိုးမှုရှိရပါမယ်လို့ အကြံပြုသွားပါတယ်။ နောက်တစ်ခါ တည်ငြိမ်ခိုင်မာတဲ့ အစိုးရတစ်ရပ်ကိုပေါ်ပေါက်ဖို့ အရေးကြီးသလို ပြည်သူကို တာဝန်ခံမယ့်အစိုးရတစ်ရပ်ပေါ်ပေါက်ဖို့လည်း အရေးကြီးပါတယ်။ အလားတူ ခိုင်မာတဲ့လွှတ်တော်ကြီးပေါ်မှပဲ အစိုးရကိုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေ လုပ်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျယ်ပြန့်စွာဖွဲ့စည်းထားတဲ့ခိုင်မာတဲ့ပါတီကြီးတွေပေါ်ပေါက်ဖို့ အားပေးမယ်ဆိုရင် ဒါပညာရှင်တွေရဲ့ အကြံပြုချက်ပါ။ ယနေ့ကျွန်တော်တို့ ကျင့်သုံးနေတဲ့ FPTP စနစ်ဟာ ပညာရှင်တွေပြောသွားတာတွေနဲ့ အကိုက်ညီဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့တွေအနေနဲ့ နောက်ထပ်ရွေးကောက်ပွဲစနစ်တစ်ခုအသစ် မလိုအပ်သေးဘူးထင်မြင်ကြောင်း ကျွန်တော် ပြောကြားချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဒီရွေးကောက်ပွဲစနစ်တစ်ခုကိုလုပ်တာ နိုင်ငံတော်ရဲ့ အနာဂတ် နိုင်ငံတော်ရဲ့ နိုင်ငံရေးအနာဂတ်ကို ပုံဖော်မှာဖြစ်ပါတယ်။ ပြည်သူတွေအတွက် လုပ်မှာဖြစ်ပါတယ်။ အဲ့ဒီတော့ ပြည်သူတွေ ပြင်းပြစွာမတောင်းဆိုတဲ့ ရွေးကောက်ပွဲစနစ်ပြောင်းပေးပါလို့ မတောင်းဆိုဘဲနဲ့ ကျွန်တော်တို့ လွှတ်တော်ကြီးကရွေးကောက်ပွဲစနစ်တစ်ခုကို ဆုံးဖြတ်ပေးလိုက်မယ်ဆိုရင် ကျွန်တော်တို့ ဆောင်ပုဒ်က စက္ကူပေါ်မှာရှိတယ်ဆိုပြီး သမိုင်းတွင် ကျန်ရစ်ပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ကျွန်တော်တို့ လွှတ်တော်ကြီးကို အချိုးချကြည့်လိုက်ပါ။ လူဦးရေအများဆုံးက ရန်ကုန်တိုင်း ၄၅ ဦး ကိုယ်စားလှယ်ရပါတယ်။ အမျိုးသားလွှတ်တော် ၁၂ နေရာရရင် ၅၇ နေရာ။ အဲ့ဒီတော့ ရွေးချယ်ခြင်းမခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်အစုနဲ့ အချိုးကျကြည့်ရင် ၀.၃၄ ပဲရှိပါတယ်။ မြို့နယ်အများဆုံးရှိတာ ရှမ်းပြည်နယ် ၅၅ နေရာရမယ်။ အမျိုးသားလွှတ်တော်အတွက် ၁၂ နေရာပေါင်းလိုက်ရင် ၆၇ နေရာ။ အဲ့ဒီတော့ ရွေးချယ်ခြင်းမခံတဲ့ ကိုယ်စားလှယ်အစုနဲ့ အချိုးကျကြည့်ရင် ၀.၄ ရှိပါတယ်။ ဒီလောက်အချိုးကျကြည့်လို့ အစုနည်းနေတဲ့ကြားတဲ့က နောက်ထပ်အချိုးကျကိုယ်စားပြုစနစ်သာ သုံးမယ်ဆိုရင် ကျွန်တော်တို့ တော်တော်စဉ်းစားရပါတယ်။ ဒါ နိုင်ငံရေးအရ ဖြေရှင်းရမယ့်ပြဿနာတစ်ခုဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလမ်းစဉ်လည်း ဆွေးနွေးနေတုန်းဖြစ်ပါတယ်။ နိုင်ငံရေးအရ ဆွေးနွေးပြီးမှသာလျှင် ရွေးကောက်ပွဲစနစ်တစ်ခုအသစ် လေ့လာဖို့လိုအပ်မယ်လို့ယုံကြည်ကြောင်း ပြောကြားပါရစေ။ နောက်ဆုံးအနေနဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဟာ ဒီမိုကရေစီကျင့်စဉ်အရ လွှတ်တော်ထဲမှာ မဲခွဲဆုံးဖြတ်နိုင်ပါတယ်။ အကယ်၍ စနစ်တစ်ခုကို ရွေးလိုက်မယ်ဆိုရင်

လည်း ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံပြီးတော့ ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ပေးပါလို့ အကြံပြုရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျာ။ ကျွန်တော် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးဖြစ်ပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအား ဂါရဝပြုပါတယ်။ ကျွန်တော် ဆွေးနွေးလိုတဲ့အချက်ကတော့ ယနေ့ ကမ္ဘာပေါ်မှာ ဘယ်လိုရွေးကောက်ပွဲစနစ်မျိုးကိုမဆိုသုံးသုံး အားလုံး ဘက်စုံပြည့်စုံကောင်းမွန်တဲ့စနစ် မရှိဘူးဆိုတာတော့ သေချာပါတယ်။ ကျွန်တော်တို့အနေနဲ့က လည်း ကမ္ဘာပေါ်မှာ ဘယ်စနစ်ပဲသုံးသုံး အရေးကြီးတာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့နိုင်ငံသား တွေရဲ့ ဆန္ဒနဲ့အခြေအနေနှင့် ကိုက်ညီပြည့်စုံမယ့်စနစ်ဖြစ်ဖို့ အရေးကြီးကြောင်းတင်ပြလိုပါတယ်။ ကျွန်တော် ကော်မရှင်ကတင်ပြတဲ့ ရွေးကောက်ပွဲစနစ်ပုံစံတွေကို သေချာလေ့လာကြည့်တဲ့အခါမှာ ဒီ ရှစ်မျိုးထဲကနေပြီးတော့ စနစ်(၃)နဲ့စနစ်(၄)အားဖြင့်တော့ တော်တော်များများကောင်းမွန်တယ်။ ပြည့်စုံတယ်။ အဓိက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်မလိုစသဖြင့် အချက်(၉)ချက်ရေးထားတာ တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဘာကိုကြည့်ပါသလဲဆိုရင် ကျွန်တော်တို့စနစ်ရဲ့ အားသာ ချက်၊ အားနည်းချက်တွေကို ကျွန်တော်ကြည့်ပါတယ်။ ကြည့်တဲ့အခါမှာ အားနည်းချက်လေးတွေ တွေ့ရ ပါတယ်။ အဲ့ဒီအားနည်းချက်လေးတွေ ကျွန်တော် အနည်းငယ်တင်ပြလိုပါတယ်။ ဘယ်စနစ်ကိုပဲသုံးသုံး စနစ်(၃)၊ စနစ်(၄) သို့မဟုတ် စနစ် ရှစ်ခုထဲက တစ်ခုခုကိုသုံးမယ်ဆိုရင် အရင်ဆုံးကတော့ တစ်နိုင်ငံ လုံးမှာ စနစ်တစ်ခုတည်း မကျင့်သုံးနိုင်တော့ပါဘူး။ တိုင်းဒေသကြီးမှာ တစ်မျိုး၊ ပြည်နယ်မှာ တစ်မျိုး စသဖြင့် ကျင့်သုံးမယ့်ပုံစံဖြစ်လာနိုင်ပါတယ်။ နောက်တစ်ခါ ၅၀ ရာခိုင်နှုန်းအပေါင်းတစ်မဲ ဆန္ဒရမှု၊ မဲဆန္ဒရမှု၊ မဲရမှုဆိုတဲ့ ဒါလည်း တော်တော်ဖြစ်နိုင်ချေ သိပ်မရှိပါဘူး။ ခဲယဉ်းပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရဆိုလို့ရှိရင် ဝင်ပြိုင်တဲ့ပါတီများတဲ့မဲဆန္ဒနယ်တွေမှာဆိုလို့ရှိရင် ဒီပါတီအားလုံးရဲ့ ကိုယ်စားလှယ်တွေ မဲရတဲ့နေရာမှာ မဲကပြန့်သွားပြီးတော့ အများဆုံးရတဲ့မဲက ၄၀ ရာခိုင်နှုန်း၊ ၄၅ ရာခိုင်နှုန်း ဒါလောက်ပဲဖြစ်နိုင်တယ်ဆိုတာ ကျွန်တော်တို့အတွေ့အကြုံအရ သိခဲ့ပြီးပါပြီ။

ဒါကြောင့်မို့လို့ ဒီလာမယ့် ၂၀၁၅ ရွေးကောက်ပွဲဟာဆိုလို့ရှိရင် ပါတီတွေဒီထက်အများကြီး ပိုပြီးပါဝင်လာမှာဖြစ်တဲ့အတွက်ကြောင့် ၅၀ ရာခိုင်နှုန်း+တစ်မဲရဖို့ဆိုတာ အင်မတန်ခဲယဉ်းသွားပြီ။ ရရင်လည်း အနည်းစုသာပဲရမယ်။ အများစုကတော့ Automatic ပါတီမဲတွေအဖြစ်၊ ခိုင်လုံမဲတွေ

အဖြစ် ပြောင်းလဲသွားနိုင်တယ်ဆိုတာကိုတော့ ကျွန်တော်တို့တွေ့ရပါတယ်။ တစ်ခါ အဲ့ဒီလိုပါတီမဲတွေ အဖြစ်ပြောင်းလဲသွားပြီးရင် ကျွန်တော်သေချာမသိလို့လည်း ဖြစ်ပါလိမ့်မယ်။ ဒါကတော့။ အဲ့ဒီတော့ မဲပေးလိုက်တဲ့မြို့နယ်တိုင်းက မဲပေးလိုက်တဲ့မဲဆန္ဒနယ်ရှင်တွေက သူတို့ရွေးချယ်တဲ့၊ သူတို့မဲပေးတဲ့ ကိုယ်စားလှယ် ဟုတ်ချင်မှဟုတ်တော့မယ်။ ပါတီကရွေးချယ်တဲ့ကိုယ်စားလှယ်လည်း ဖြစ်သွားနိုင်ပါတယ်။ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးထက်ပိုပြီးတော့လည်း ဖြစ်သွားနိုင်တယ်ဆိုတဲ့ အခြေအနေ တွေလည်းတွေ့ရပါတယ်။ တစ်ခါ ဒီလိုစနစ်မျိုးကို သုံးမယ်ဆိုလို့ရှိရင်လည်း တိုင်းဒေသကြီးမှာ မသုံး ဘူး။ ပြည်နယ်မှာပဲသုံးမယ်။ သို့သော် သုံးမယ့်နေရာတွေမှာတော့ လေ့ကျင့်ပေးဖို့၊ ပညာပေးဖို့၊ ရှင်းလင်းပြဖို့နှင့် ပြည်သူ့ဆန္ဒခံယူဖို့တော့ လိုအပ်ဦးမယ်လို့ ကျွန်တော်တို့ မြင်ပါတယ်။ နောက်တစ်ခါ ကိုယ်စားလှယ်လောင်းတွေအနေနဲ့လည်း ဘယ်မဲဆန္ဒနယ်ကတော့ဖြင့် ဒီကိုယ်စားလှယ် သတ်မှတ်ထား တဲ့အတိုင်းဖြစ်မလား၊ မဖြစ်ဘူးလား ကျွန်တော်တို့သေချာမသိရပါဘူး။ ဆိုတော့ ကိုယ်စားလှယ်တစ်ဦး ထက်လည်းပိုနိုင်တယ်ဆိုတဲ့အခြေအနေလေးတွေလည်း ဒါအားနည်းချက်လေးတွေ တွေ့ရပါတယ်။ အဲ့ဒီတော့ ဒီအားနည်းချက်တွေလည်း မဖြစ်ရအောင် မူလကောင်းမွန်တဲ့အချက်(၉)ချက်အပြင် ဒီလို အားနည်းချက်တွေလည်း ဖယ်ရှားနိုင်ပြီးတော့ လုပ်နိုင်မယ့်စနစ်တစ်ခုကိုတော့ တွေ့ရပါတယ်။

အဲ့ဒါက ဘာလဲဆိုတော့ အရင်စနစ်အတိုင်းပါပဲ။ FPTP စနစ်အတိုင်းပါပဲ။ မဲပေးမယ်။ မဲရွေးချယ်မယ်။ အများ ဆုံးရတဲ့ကိုယ်စားလှယ်က ၄၀ ရာခိုင်နှုန်းဖြစ်ချင်ဖြစ်မယ်။ ကျန်တာက ၃၀၊ ၂၀၊ ၁၅၊ ၅ စသဖြင့် ဖြစ်နိုင် တယ်။ ဘယ်လိုပဲဖြစ်ပါစေ အဲ့ဒီရလဒ်တွေအားလုံးပေါ်မှာကြည့်ပြီးတဲ့အခါမှာ ကျွန်တော်တို့က မဲအများ ဆုံးရတဲ့လူကတော့ ဒါဟာရွေးချယ်ခံရမှာပဲ။ ကိုယ်စားလှယ်ပဲ။ သို့သော် မဲဆန္ဒရှင်တွေရဲ့မဲတွေလည်း အဟောသိကံမဖြစ်ရလေအောင် တခြားနည်းစနစ်တွေနဲ့လည်း ပြောင်းလဲ ပြီးတော့ အငြင်းပွားမှုတွေ၊ ရှုပ်ထွေးမှုတွေ မဖြစ်နိုင်အောင်ဆိုလို့ရှိရင် ကျွန်တော်တို့က ဒုတိယအများ ဆုံးနိုင်တဲ့ ကိုယ်စားလှယ်၊ တတိယအများဆုံးနိုင်တဲ့ ကိုယ်စားလှယ်တွေကို သေချာစိစစ်ပြီးတဲ့အခါမှာ သူတို့သည်လည်း ဒီကိုယ်စားလှယ်လောင်းနေရာမှာ ရှိနေမှာဖြစ်ပြီးတော့ ပထမနိုင်ထားတဲ့ ကိုယ်စားလှယ်က ဥပမာ အုပ်ချုပ်ရေးဘက်မှာပြောင်း၍ တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ၊ တရားရေး ဘက်မှာပဲပြောင်း၍ တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ အဲ့ဒီအခါကျရင် လွှတ်တော်ကိုယ်စားလှယ် အဖြစ်ကနေပြီးတော့ နုတ်ထွက်ရတဲ့အခါမှာ Automatic ဒုတိယနိုင်ထားတဲ့လူ တက်လာရမှာ ဖြစ်ပါ တယ်။ ဒုတိယနိုင်ထားတဲ့လူကမှ တက်မလာနိုင်ဘူး။ အရည်အချင်းပျက်ယွင်းတယ်လို့ စိစစ်တွေ့ရှိရလို့ ရှိရင် တတိယနိုင်ထားတဲ့လူ တက်ရမယ်။ ဒီလိုစနစ်သာလုပ်သွားရင်ဖြင့် ကောင်းကျိုးတွေဟာ စောစော

က ကျွန်တော်တို့ပြောတဲ့ ကောင်းတဲ့စနစ်တွေအပြင် ထပ်ရလာမယ့် အကျိုးအမြတ်တွေကတော့ လစ်လပ်မဲဆန္ဒနယ်တွေ ရှိတော့မှာမဟုတ်ပါဘူး။ လစ်လပ်ကိုယ်စားလှယ်တွေရှိတော့မှာ မဟုတ်ပါဘူး။ တစ်ဦးတာဝန်ယူဖို့ ထွက်သွားတာနဲ့ အဲ့ဒီနေရာမှာတစ်ဦးက ပြည့်လာတဲ့အတွက် အခုဆိုရင် ကျွန်တော်တို့တွေ့နေရတာ မဲဆန္ဒနယ်တော်တော်များများမှာ လစ်လပ်နေတဲ့ကိုယ်စားလှယ်တွေမရှိပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့မဲဆန္ဒရှင်တွေက ဘယ်သူ့အားကိုးရမလဲ။ ဘယ်သူနဲ့ ကျွန်တော်တို့က တိုင်ပင်ကြရမလဲ။ ဒီစနစ်တွေ မဖြစ်နိုင်တော့ပါဘူး။

အဲ့ဒီတော့ ဘာဖြစ်လို့လဲဆိုတော့ လစ်လပ်မဲဆန္ဒနယ် မရှိတဲ့အတွက်လည်း ဒီကိုယ်စားလှယ်တွေ လစ်လပ်သွားတဲ့နေရာမှာ ဒုတိယ၊ တတိယလူများ Automatic တက်လာနိုင်တယ်။ အလိုအလျောက်တက်လာနိုင်တယ် ဖြစ်ပါတယ်။ မဲနှစ်ကြိမ်ပေးရတဲ့ကိစ္စတွေ မရှိတော့ပါဘူး။ မဲဆန္ဒနယ်တွေပြင်ဆင်ရမယ့်လူ မလိုအပ်တော့ပါဘူး။ အဓိကကတော့ မဲဆန္ဒရှင်တွေရဲ့တန်ဖိုးရှိတဲ့ မဲတွေဟာ အစွန်းထွက်မဲစနစ်တွေမရှိတော့ဘူး။ အလဟဿမဖြစ်တော့ဘူး။ ဒါတွေအရေးကြီးပါတယ်။ နောက်တစ်ခါ ကိုယ်စားလှယ်အပြည့်နဲ့ လစ်လပ်မှုမရှိဘဲ ကိုယ်စားလှယ်အပြည့်နဲ့ ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင် ပြည်သူ့အကျိုးကို ပိုပြီးတော့ တရားမျှတစွာ၊ တာဝန်သိစွာနဲ့ ကြိုးစားဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေအရလည်း ဥပမာ ကျွန်တော်တို့ တနင်္သာရီတိုင်းနယ်မှာဆိုလို့ရှိရင် ဒီတိုင်းဒေသကြီးကိုယ်စားလှယ် ၂၀ ကျော်လေးပဲရှိပါတယ်။ အဲ့ဒီအထဲကမှ တစ်ခါ အစိုးရဖွဲ့စည်းလိုက်တဲ့အခါမှာ အစိုးရအပေါ်မှာ ၁၅ ယောက်၊ ၁၆ ယောက် စသဖြင့် ပါသွားပါတယ်။ ဆိုတော့ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်က ၁၄ ယောက်လောက်ပဲ ဖြစ်နေပါတယ်။ လွှတ်တော်အစည်းအဝေးကြီးတွေလုပ်တယ်။ မဲခွဲဆုံးဖြတ်တဲ့နေရာမျိုးတွေမှာဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ဘက်က အမြဲရှုံးပါတယ်။ ဆိုတော့ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ။ တကယ်လို့သာ ဒါကို လစ်လပ်မဲဆန္ဒနယ်မရှိဘဲ ကိုယ်စားလှယ်အပြည့်နဲ့ထည့်ပြီးသာ လုပ်နိုင်မယ်ဆိုလို့ရှိရင် ဒီတိုင်းဒေသကြီးအစိုးရဘက်က ကိုယ်စားလှယ်တွေရော၊ ပြည်သူ့ကိုယ်စားလှယ်တွေရော အင်အားအပြည့်နဲ့ ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီနေ့ကတော့ ကျွန်တော် အချိန်မရတဲ့အတွက် တကယ်တမ်းကတော့ ကျွန်တော် Power Point နဲ့သေချာနှိုင်းယှဉ်ပြီးပြချင်ပါတယ်။ သို့သော် အချိန်လည်းသိပ်မရှိတော့တဲ့အတွက် ကျွန်တော် အတိုချုပ်ပြောရခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ အဓိကအရေးကြီးတာကတော့ ကျွန်တော်တို့ ဒီစနစ်နဲ့သာ လုပ်နိုင်ခဲ့မယ်ဆိုရင် ကျွန်တော်တို့တိုင်းရင်းသားပြည်သူတွေအားလုံး ကျေနပ်စွာပူးပေါင်းပါဝင်လာနိုင်မယ်။ သူတို့ရဲ့ဆန္ဒတွေ ပြည့်နိုင်မယ်။ ဥပဒေတွေ

လည်း အထူးအထွေပြင်စရာမလိုပဲနဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ ဥပဒေကို အနည်းငယ်ပြင်ဆင်ခြင်း ဖြင့်သာ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်နိုင်မယ်။ အငြင်းပွားမှု၊ ရှုပ်ထွေးမှုတွေမရှိတော့ဘူးဆိုတဲ့ အချက်အလက်လေးကိုပဲ ကျွန်တော်တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြ ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လမ်းမတော်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိ မယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်လည်း ဖြစ်ပါ တယ်။ ဒါကြောင့်လည်း ကော်မရှင်ရဲ့အစီရင်ခံစာကို အပြုသဘောနဲ့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါ တယ်။ တစ်ဖက်မှာလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ မူလတာဝန်အရ မိမိမြို့နယ်အပါ အဝင် ပြည်သူများသိအောင်လည်း ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မရှင်ဟာ ပြည်သူ့လွှတ်တော်က ပေးအပ် လိုက်တဲ့တာဝန်ကို တစ်ညီတစ်ညွတ်တည်းဖြစ်အောင် အစမှအဆုံးအထိ မိမိသဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ အစီရင်ခံစာထွက်ပေါ်လာတဲ့အထိ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အစီရင်ခံစာထွက်ပေါ်လာတဲ့အခါ ကျွန်တော်တို့ရဲ့အစီရင်ခံစာကို ခါတိုင်းကော်မရှင်အဖွဲ့တွေရဲ့ အစီရင်ခံစာတွေလို ဖြန့်ဝေခြင်းမရှိတဲ့အတွက် ကျွန်တော် နည်းနည်းပြည့်စုံအောင် တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအချက်ကတော့ ကျွန်တော်တို့ရဲ့ကော်မရှင်ဥက္ကဋ္ဌက ကျွန်တော်နဲ့ရင်းနှီးကျွမ်းဝင်ပြီး တော့ လေးစားထားသူလည်းဖြစ်ပါတယ်။ ဒါပေမယ့် အစီရင်ခံစာတင်ပြတဲ့နေရာမှာတော့ ကျွန်တော်တို့ ကော်မရှင်ကသုံးသပ်တင်ပြရာမှာ မပါဝင်ခဲ့တဲ့ စနစ်(၃)နဲ့(၄)ကို ထောက်ခံပါတယ်လို့ ထည့်သွင်းတင် ပြလာတဲ့အတွက်တော့ ကျွန်တော် စိတ်မကောင်းဖြစ်ရပါတယ်။ ကန့်လည်းကန့်ကွက်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မရှင်ရဲ့ ဆောင်ရွက်ချက်တွေဟာ လွှတ်တော်ပုံရိပ်အတွက် ဥပဒေနှင့်ညီရဲ့လားဆိုတာ ဆန်းစစ်သင့်ပါတယ်။ အဲ့ဒါကတော့ မူလအဆိုရှင် အဆိုနဲ့ ကျွန်တော်တို့ ဆောင်ရွက်ချက်တွေဟာ ကွဲလွဲခြင်းတချို့တွေ့ရလို့ဖြစ်ပါတယ်။ ဇူလိုင်လ ၂၆ ရက်နေ့မှာ ပြုလုပ်တဲ့အစည်းအဝေးမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေ ဖြစ်မယ့် ဒီမိုကရေစီကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျကိုယ်စားပြုစနစ်ကို အခြေခံသည့်

ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေးဖြစ်ပါတယ်။ ယခင်က ရွေးကောက်ပွဲစနစ်တစ်ခု ဖော်ဆောင်ပေးရန်အတွက်ဆိုပြီး ပြောင်းလဲလာတဲ့အဆိုမှာ အချိုးကျကိုယ်စားပြု PR စနစ်ဖြစ်သွားခဲ့ပါတယ်။ ဒီအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးခွန်းထုတ်လာတော့ ယခင်တင်သွင်းထားတဲ့အဆိုကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အဆိုရှင်က ပြန်လည်တင်ပြခဲ့ပါတယ်။ ဒါဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၄၀ မှာ ပြဋ္ဌာန်းချက်နှင့် လုံးဝသွေဖည်ခြင်းဖြစ်ပါတယ်။ တင်သွင်းသည့်အဆိုကို ကိုယ်စားလှယ်က လွှတ်တော်ရဲ့ခွင့်ပြုချက်မရဘဲ ပြန်လည်ရုပ်သိမ်းခြင်းမပြုရဆိုတဲ့ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ရာ ရောက်ပါတယ်။ ဒီ့အပြင်လည်း ကျွန်တော်တို့ကော်မရှင်က တစ်စိုက်မတ်မတ်ဆွေးနွေးခဲ့ရာမှာ မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေမည့် ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ပွဲစနစ်လို့ဆွေးနွေးခဲ့ကြပြီး ယခုအစီရင်ခံစာမှာတော့ ပြည်သူ့လွှတ်တော်အတွက်ဆိုတာ ပါရှိခြင်းမရှိတော့ပါဘူး။ ဒါမျိုးကို ကျွန်တော် နောင်မှာ သင်ခန်းစာယူ တင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တင်ပြထားတဲ့စနစ်နဲ့ ဒီဇိုင်းများဟာ မှားယွင်းနေတာတွေ့ပါတယ်။ တကယ်တော့ စနစ်(၃)၊ (၄)၊ (၅)၊ (၆)၊ (၇) ဟာ FPTP နဲ့ PR တို့ တွဲထားတဲ့ ရောနှောပုံစံနဲ့ ပေါင်းစပ်ယှဉ်ပြိုင်ပုံစံတွေ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောလို့ရှိရင် ဒါဟာစနစ်မဟုတ်ပါဘူး။ ပုံစံတွေပဲဖြစ်ပါတယ်။ PR စနစ်ပါလာရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီလို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ရမှာဖြစ်ပါတယ်။ တည်ဆဲဥပဒေဖြစ်လို့ တည်ဆဲဥပဒေအားနည်းချက်တွေ ရှိရင်လည်း မပြင်သေးခင်ကာလမှာတော့ ဒီအတိုင်းပဲ ကျွန်တော်တို့ လိုက်နာဆောင်ရွက်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲစနစ်ဒီဇိုင်းများရေးဆွဲခြင်းဆိုတဲ့ နိုင်ငံတကာ IDEA လက်စွဲကျမ်း Electorate System ဒီဇိုင်းကို ပြုစုခဲ့သူ ကုလသမဂ္ဂရွေးကောက်ပွဲအကူအညီပေးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ပါရီနာပါရယ်လီက ရွေးကောက်ပွဲဒီဇိုင်းကို ပြီးစလွယ်ရေးဆွဲခဲ့ရင် ဒီမိုကရေစီတိုးတက်ဖြစ်စဉ် တိမ်းချော်သွားစေနိုင်တဲ့အပြင် နိုင်ငံရေးသိမ်ငယ်မှုကိုပါ ပျက်ပြားသွားနိုင်စေတယ်လို့ သုံးသပ်ဖော်ပြထားပါတယ်။ ရွေးကောက်ပွဲဖြစ်စဉ် အောင်မြင်ဖို့ဆိုရင် နိုင်ငံရေးသမားတော်တွေ၊ စီမံအုပ်ချုပ်သူတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအပါအဝင် နိုင်ငံသားအချင်းချင်း အပြန်အလှန်နားလည်မှုနဲ့ ယုံကြည်ချက်များတည်ဆောက်ရန် လိုပါတယ်။ စနစ်ပေါ်မူတည်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်သလို အတားအဆီးဖြစ်တာကြောင့် သတိပေးဖော်ညွှန်းထားတာကို တွေ့ရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးချင်းအိန္ဒိယနိုင်ငံက ၁၉၄၇ ခုနှစ်မှာ လွတ်လပ်ရေး ရခဲ့ပါတယ်။ ၁၉၄၉ ခုနှစ်မှာ မဲဆန္ဒရှင်များညီလာခံကျင်းပခဲ့လို့ မဲပေးခွင့်လည်းရခဲ့ပါတယ်။ ထင်ရှားတဲ့ ဥပဒေပညာရှင်တွေ ရှိနေတယ်။ ကျွမ်းကျင်သူတွေ၊ နိုင်ငံရေးပညာရှင်တွေ ဖွဲ့စည်းပြီး ရွေးကောက်ပွဲ စနစ်ကို ရှာခဲ့ပါတယ်။ ကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်တဲ့ အဖွဲ့အစည်းဖြစ်တာ ကြောင့် PR စနစ်ကိုကျင့်သုံးဖို့ ထောက်ခံသူအများအပြားလည်း ရှိခဲ့ပါတယ်။ သို့သော်လည်း တည်ငြိမ် တဲ့အစိုးရဖွဲ့စည်းနိုင်ဖို့၊ လွှတ်တော်အတွင်း အစိတ်စိတ်အမွှာမွှာ မူဝါဒကွဲပြားခြင်းကိုရှောင်ရှားနိုင်ဖို့ FPTP စနစ်ကို ရွေးခဲ့ပါတယ်လို့ အိန္ဒိယနိုင်ငံမှာကျော်ကြားတဲ့ ဥပဒေပညာရှင် ဘီဂျစ်ပတ်တနာ က ပြောခဲ့ပါတယ်။ နယူးဇီလန်နိုင်ငံဟာ FPTP စနစ်ကို ကျင့်သုံးခဲ့တဲ့ စံနမူနာနိုင်ငံဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ပြည်သူ့ဆန္ဒခံယူပွဲ နှစ်ကြိမ်တိုင်တိုင်ကျင်းပပြီးမှ PR ရောနှောစနစ်ကို ပြောင်းလဲခဲ့ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံမှာလည်း ၁၉၉၇ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းပြီးမှ FPTP နွယ်ဝင် DP စနစ်ကနေပြီးတော့ FPTP, PR ပူးတွဲစနစ်ကို အစားထိုးခဲ့ပါတယ်။ တကယ်တော့ PR စနစ်နွယ်ဝင်တဲ့ ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးမယ်ဆိုရင် ပြည်သူ့ဆန္ဒခံယူပွဲက မဖြစ်မနေလုပ်ရ မှာဖြစ်ပါတယ်။ ဒီလိုဆန္ဒခံယူပွဲလုပ်ရာမှာ ပြင်ဆင်နိုင်ဖို့နည်းလမ်းကို စဉ်းစားကြရမှာဖြစ်ပါတယ်။ ဘယ်လိုဆန္ဒခံယူပွဲလုပ်မလဲဆိုတာ လေ့လာကြည့်တော့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၁၆ မှာ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ရာမှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ သက်ဆိုင်ရာနယ်နိမိတ်အတွင်းသော တိုင်းဒေသကြီးလွှတ်တော် ထက်ဝက်ကျော်အဆုံးအဖြတ်နှင့် သမ္မတထံ တင်ပြရမှာဖြစ်တယ်။ ပြင်လိုတဲ့နယ်နိမိတ်နှင့် အကြုံးဝင်တဲ့နေရာဒေသက ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ ထက်ဝက်ကျော် ဆန္ဒသဘောထားရယူပြီးမှ တိုင်းနှင့်ပြည်နယ်ကိုယ်စားလှယ် လေးပုံသုံးပုံ ထောက်ခံမှ ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။ အခုလိုနယ်နိမိတ်ပြင်ဆင်ရုံမှာပင် ပြည်သူ့ဆန္ဒခံယူရန်လိုအပ် တယ်ဆိုရင် အခုလို တစ်ပြည်လုံး သန်းငါးဆယ်ကျော်ပြည်သူတွေအတွက် တိုင်းပြည်အနာဂတ်နဲ့ဆိုင်တဲ့ ရွေးကောက်ပွဲစနစ်ကို Simple Majority Board နဲ့ အလွယ်တကူဆုံးဖြတ်တာမဟုတ်ဘဲ Super Majority Board နဲ့ ပြင်ရမှာဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပြင်ဆင်ဖို့ ၇၅ ရာခိုင်နှုန်း လိုတယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။

အစီရင်ခံစာရဲ့စနစ်(၅)၊ (၆)၊ (၇)၊ (၈) တို့ဟာ ဆန္ဒနယ်မြေကို ဘယ်လိုသတ်မှတ်မှာလဲ။ ဘယ်သူ ကသတ်မှတ်မှာလဲ။ ပြည်သူတွေလက်ခံလာအောင် ဘယ်လိုရှင်းပြမလဲဆိုတဲ့ မေးခွန်းတွေက များပြားလှ ပါတယ်။ မိမိအတွေ့အတွက် အဓမ္မသွတ်သွင်းတဲ့ Arbitrary ဆုံးဖြတ်ချက်တွေ ဖြစ်နေပါတယ်။

သီရိလင်္ကာနိုင်ငံမှာ လူအများစုဖြစ်တဲ့ ဆင်ဟေးလိစ်ပါတီများက လူနည်းစု တယ်လ်မီးလ် ကိုယ်စားလှယ်လောင်းများကို ၎င်းတို့ပါတီစာရင်းမှ အနိုင်ရလောက်တဲ့နေရာများကို သတ်မှတ်ခဲ့တဲ့ အတွက် ကမ္ဘာမှာ အရုပ်ဆိုးတဲ့ဖြစ်စဉ် ရှိခဲ့ပါတယ်။ ဒီလိုလုပ်ဦးမှာလားလို့ ပြည်သူတွေက စိုးရိမ်ကြ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာမှာကျင့်သုံးနေတဲ့ PR စနစ်နဲ့ PR စနစ်နွယ်ဖွား စနစ်ခွဲများရဲ့ လွှတ်တော်အနေအထားက ကျွန်တော်တို့ လွှတ်တော်နဲ့မတူပါဘူး။ ကျွန်တော်တို့မှာ တပ်မတော်က နေရာယူထားတဲ့အချက်က ထူးခြားစွာကွဲလွဲလျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော နိုင်ငံသားနှင့်နိုင်ငံသားများ အခွင့်အရေး၊ တာဝန်များမှာ နိုင်ငံသားတိုင်း တန်းတူညီမျှမယ့်အခွင့်အရေး ရရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်တွေလည်း ရှိလျက်နဲ့ ပြည်နယ်မှာတစ်မျိုး၊ တိုင်းဒေသကြီးမှာတစ်မျိုးလုပ်တာက မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။ ပြည်နယ်တွေမှာ တိုးတက်မှုနိမ့်တယ်။ ပညာရည်နိမ့်ကျတယ်ဆိုရင် ဒီပြည်နယ်တွေကို တိုင်းဒေသကြီး နှင့်တူညီလာအောင် အရင်အားထုတ်ရမှာက အဖြေဖြစ်ပါတယ်။ နေပြည်တော်လို ပြည့်စုံခန့်ညားပြီး ထည်ဝါပြီးဖြစ်တဲ့နေရာမှာ ပကာသနဆန်တဲ့အသုံးစရိတ်တွေ ချွေတာပြီး ပြည်နယ်တွေတိုးမြှင့်၊ အသုံး စရိတ်တွေကို ပြည်နယ်တွေမှာ တိုးမြှင့်သုံးစွဲသင့်ပါတယ်။ လက်တစ်ကမ်းကလိုတဲ့ ငြိမ်းချမ်းရေးကို လည်း အခြားကဏ္ဍတွေထက် ဇောင်းပေးပြီး လုပ်ဖို့လိုပါတယ်။ ခိုင်မာတဲ့အကြောင်းပြချက်မရှိဘဲ အာကမရုတ္တိ၊ သဘာဝရုတ္တိမဲ့မဲ့နဲ့ ဖုတ်ပူမီးတိုက် ပြင်ဖို့မလိုဘူးဆိုတာကို သုံးသပ်သင့်ပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ မြန်မာ့နည်း၊ မြန်မာ့ဟန်နဲ့ ဆိုရှယ်လမ်းစဉ်ကို Burmese Ray to Socialism နဲ့ ချီတက် ဖူးပါပြီ။ မြန်မာ့အားကစားကမ္ဘာကိုလွှမ်းရမည်လို့လည်း ကြွေးကြော်ဖူးပါသည်။ ပြည်သူ့ဆန္ဒ အစစ် အမှန်မပါရင် ပြည်သူ့သဘောထားမမှန်ရင် မအောင်မြင်တဲ့သာဓက အများအပြားတွေ့ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ငယ်ငယ် ပညာရေးရွှေခေတ်က မူလတန်း Dawn ဖတ်စာမှာ ပုံပြင်ကလေးတွေကို သင်ခန်းစာနှင့် ဖတ်ကြားမှတ်သားခွင့်ရပါတယ်။ ပုံပြင်တစ်ခုရဲ့သင်ခန်းစာမှာ မတူရင်လည်း မတုနဲ့ မျှော်ချင့်ရာရာ။

ဥက္ကဋ္ဌ။ ။ နိဂုံးချုပ်ပါ။

**ဦးခင်မောင်ဝင်း(လမ်းမတော်မဲဆန္ဒနယ်)**။ ။ ဒါကြောင့် ဒီနေ့ကာလအခြေအနေအရ FPTP စနစ်ကလွဲလို့ အခြားနည်းစနစ်ကျင့်သုံးရန်မသင့်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ဖို့ဆိုပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲ့ဒီအခြေခံဥပဒေကို အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများနှင့်အညီ မဲများသူအနိုင်ယူစနစ် FPTP ကို ရည်ရွယ်ပြီး ရေးဆွဲခဲ့တယ်ဆိုတာ အမျိုးသားညီလာခံကို တတ်ရောက်ခဲ့ကြတဲ့ ကိုယ်စားလှယ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မရှင်တွင်ပါဝင်ခဲ့ကြသူများအားလုံးသိကြပါတယ်။ ဒီအချက်ကို ထင်ရှားစေတာက ပုဒ်မ ၃၈ ပုဒ်မခွဲ(ခ)၊ ၃၆၉ ပုဒ်မခွဲ(ခ)၊ ၃၉၆ ပုဒ်မခွဲ(ခ)တို့မှာ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော် ကိုယ်စားလှယ်ကို သက်ဆိုင်ရာ

မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်ဆိုတဲ့ ပြဋ္ဌာန်းချက် ဖြစ်ပါတယ်။

ဒါ့အပြင် ပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)မှာ မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့်မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်တဲ့မြို့နယ်တစ်ခုခုနှင့် ပူးပေါင်း၍လည်းကောင်း၊ ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက်မပိုသော လွှတ်တော်ကိုယ်စားလှယ်များဆိုတဲ့ ပြဋ္ဌာန်းချက်တွေဟာ ထင်သာမြင်သာရှိလှပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြို့နယ်ပေါင်း ၃၃၀ ဦး ရှိတဲ့အတွက် မဲဆန္ဒနယ် ၃၃၀ သတ်မှတ်ခြင်း၊ အသစ်ဖွဲ့စည်းတဲ့မြို့နယ်ပေါ်လာပါက နီးစပ်ရာ သင့်တော်မယ့်မြို့နယ်နှင့်ပေါင်းပြီး မဲဆန္ဒနယ် ၃၃၀ သတ်မှတ်ပြီး၊ ကိုယ်စားလှယ်ဦးရေ ၃၃၀ သတ်မှတ်ခြင်းတို့ဟာ မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ရွေးကောက်တင်မြှောက်ခိုင်းတဲ့ FPTP စနစ်ဆိုတာ မည်သို့မျှငြင်းပယ်လို့မရနိုင်ပါ။ ဒါ့ကြောင့် PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ယခုထိ အတည်ဖြစ်နေသေးတဲ့အတွက် အခန်း (၁၂) မှာပါရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးနည်းလမ်းများအရ ဆောင်ရွက်ရပါမယ်။ ပုဒ်မ ၄၃၃ အရ ဥပဒေမူကြမ်းအဖြစ်အဆိုတင်သွင်းရပါမယ်။ ပုဒ်မ ၄၃၄ အရ ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်းရပါမယ်။ ပုဒ်မ ၄၃၅ အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ ၂၀ ရာခိုင်နှုန်းက တင်ပြရခြင်း ဖြစ်ရပါ မယ်။ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၇၅ ရာခိုင်နှုန်း ကျော်က ပြင်ဆင်ရန်သဘောတူရပါမယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံးရဲ့ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်ရမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေတာလည်း တွေ့ရပါတယ်။ ဥပမာ-ရွေးကောက်ပွဲပုံစံ(၃)နှင့် ပုံစံ(၄)မှာ ပြည်နယ် ၇ ပြည်နယ်နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ မဲဆန္ဒနယ် သုံးခု စုစုပေါင်း မဲဆန္ဒနယ် ၁၂၆ ခုကို မဲများသူအနိုင်ယူစနစ်ဖြင့် ကျင်းပပြီး တိုင်းဒေသကြီး ၇ ခုရှိ မဲဆန္ဒနယ် ၂၄၀ ခုတွင် ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲရရှိသော ကိုယ်စားလှယ်လောင်းကို အတည်ပြုပြီး ၅၀ ရာခိုင်နှုန်း အပေါင်းတစ်မဲ မရရှိတဲ့ ကိုယ်စားလှယ်လောင်းရဲ့မဲများကို ပါတီမဲအဖြစ် ပြောင်းလဲအချိုးချပြီး ကိုယ်စားလှယ်အဖြစ် ရွေးချယ်သွားခြင်း ဖြစ်ပါ

တယ်။ ဒီကိစ္စကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(က)အား ကိုးကားပြီး တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ပြည်နယ်တို့သည် အဆင့်အတန်း တူညီကြသည်ဟူသည်နှင့် ကိုက်ညီတယ်ဆိုတာ လုံးဝမှန်ကန်မှုမရှိပါ။ ပြည်နယ်နှင့် တိုင်းဒေသကြီးကို ခွဲခြားကျင့်သုံးပြီး အဆင့်အတန်းတူညီတယ်ဆိုတာမဟုတ်ပါ။ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများနှင့်လည်း ဆန့်ကျင်နေပါတယ်။ FPTP စနစ်ဆိုတာ၊ မဲများသူအနိုင်ယူစနစ် ဆိုတာ ရိုးရိုးရှင်းရှင်းလေးပါ။ မဲများသူကိုသာ အနိုင်ပေးရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးတွေမှာ မဲများသူကို အနိုင်မပေးဘဲ ၅၀ ရာခိုင်နှုန်းအပေါင်း တစ်ရမှ အနိုင်ပေးမယ်။ ပြည်နယ်မှာဆိုရင်တော့ မဲများသူကို အနိုင်ပေးမယ်ဆိုတာဟာ အဆင့်အတန်း တူပါသလား။ တန်းတူညီမျှမှုဖြစ်ပါသလား။ ဒီပုံစံ(၃) နဲ့ ပုံစံ(၄) ဟာ Arbitrary ဖြစ်ပါတယ်။ ကိုယ့်ရဲ့ ထင်မြင်ချက်ဖြင့် ကိုယ့်ရဲ့စိတ်ကူးအတိုင်း ကိုယ့်ဘာသာရေးဆွဲထားခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ပြောရရင် ၅၀ ရာခိုင်နှုန်းကျော်ကို စိုးရိမ်နေလို့မဟုတ်ပါ။ ဥပဒေနှင့် မညီလို့ တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အတွေ့အကြုံအရ ၅၀ ရာခိုင်နှုန်း ကျော်ခဲ့တာချည်းသာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီအချက်ကိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဘောင်အတွင်းကနေပြီးတော့ ဆောင်ရွက်ပါတယ်ဆိုတာ လုံးဝမဟုတ်ပါ။ အထက်မှာဖော်ပြခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မဲများသူအနိုင်ယူစနစ် FPTP ကိုကျင့်သုံးဖို့ဆိုတဲ့ ရည်ရွယ်ချက်၊ ပြဋ္ဌာန်းချက်တွေကို လွဲမှားစွာအဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရကို ပုံပန်းဖျက်ပြီးဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ အဆုံးအဖြတ်ကိုခံယူရန် လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာ ဥပဒေအားလုံးရဲ့အခြေခံဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ တည်ဆဲစကားရပ်အဓိပ္ပာယ်အတိုင်း ဖြစ်ရပါမယ်။ ရေးဆွဲထားတဲ့ ရည်ရွယ်ချက်အတိုင်း၊ ပြဋ္ဌာန်းထားတဲ့ အနှစ်သာရအတိုင်း အဓိပ္ပာယ်ကောက်ယူရပါတယ်။ အနက်အဓိပ္ပာယ်ကောက်ယူတဲ့အခါမှာ ဥပဒေရဲ့စာသားများမှာ ပေါ်လွင်တဲ့အဓိပ္ပာယ်အတိုင်း တိုက်ရိုက်ခေါ်ယူခြင်းနဲ့ ယင်းစာသားများမှာပင် ဥပဒေရဲ့အနှစ်သာရမည်ကဲ့သို့ရှိသည်တို့ကို ချင့်ချိန်ယူခြင်းတို့ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဥပဒေပြုရေးမဏ္ဍိုင်မှ ကိုယ်စားလှယ်များဖြစ်ကြပါတယ်။ ဥပဒေကို ကိုယ်လိုသလို ချဲ့ခြင်း၊ ချုံ့ခြင်းတို့ဖြင့် ကောက်ယူမဖြစ်စေဖို့ စောင့်ထိန်းလိုက်နာရန်မှာ ဥပဒေပြုသူများရဲ့ ကျင့်ထုံးဖြစ်ပါ၍ သတိကြီးစွာထားပြီး အထူးလိုက်နာရမယ့်တာဝန် ရှိကြပါတယ်။

ဒါ့ကြောင့် မဲများသူအနိုင်ယူစနစ်ကိုပဲ ဆက်လက်ကျင့်သုံးသင့်ပါကြောင်း၊ ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူမဖြစ်ရန် အထူးဂရုစိုက်ကြရမည်ဖြစ်ပါကြောင်း၊ ရဟန်းရှင်လူ၊ ပြည်သူ၊ ကျောင်းသားကျောင်းသူတွေ အသက်၊ သွေး၊ ချွေးတွေပေးဆပ်ပြီးမှ ရရှိလာတဲ့ ဒီမိုကရေစီအပင်ပေါက်ကလေးကို နင်းမသတ်မိရန်အလေးအနက်ထားရမည်ဖြစ်ပါကြောင်းတို့ တင်ပြရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျာ။ လေစားဂါရဝထားကြောင်းပါ။ ကျွန်တော် အင်းတော်မဲဆန္ဒနယ်က ဦးကျော်နိုင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ နိုင်ငံတော်နှင့်လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ အစီရင်ခံစာအပေါ်မှာ သုံးသပ်ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ပထမဆုံး အလေးအနက်ထားတင်ပြလိုတာကတော့ မည်သည့်ရွေးကောက်ပွဲစနစ်၊ မည်သည့် System Design ဖြင့်ကျင်းပသည်ဖြစ်စေ ပြည်သူယုံကြည်တဲ့ပါတီဟာ ရွေးကောက်ပွဲမှာ အနိုင်ရမှာဖြစ်ပါတယ်။ ပြည်သူအားကိုးတဲ့ကိုယ်စားလှယ်ဟာ ပြည်သူ့ကိုယ်စားလှယ်အဖြစ်နဲ့ လွှတ်တော်ထဲကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဒါအဓိက အချက်ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီနေ့ ကျွန်တော်တို့ ဆွေးနွေးနေကြတာက ဘယ် System Design ဟာ တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်မလဲ။ ဒါသည် တိုင်းပြည်အတွက် လိုက်လျောညီထွေရှိပြီးတော့မှ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ပေးနိုင်မယ့်စနစ် ဖြစ်မလားဆိုတဲ့အပေါ်မှာ ကျွန်တော်တို့ဆွေးနွေးကြခြင်း ဖြစ်ပါတယ်။ တစ်ပိုင်းကလည်းပဲ လက်ရှိတည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီနေ့ကျွန်တော်တို့ကော်မရှင်က တင်ပြတဲ့ System Design များဟာ ဒီအခြေခံဥပဒေနဲ့ညီလား၊ မညီလားဆိုတဲ့ကိစ္စ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးကို တင်ပြသင့်တယ်ဆိုတဲ့ကိစ္စများကလည်း သီးခြားဆွေးနွေးရမယ့် အကြောင်းအရာများသာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်သုံးသပ်တင်ပြလိုတာကတော့ အဓိကအချက်သည် ကော်မရှင်ရဲ့ တင်ပြချက်များအပေါ်မှာ နိုင်ငံတော်အတွက် အကျိုးရှိ/မရှိကို အဓိကထားပြီးတော့မှ ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်က တင်ပြချက်ကတော့ဖြစ်ရင် FPTP စနစ်နှင့် List PR စနစ်ကို ပေါင်းပြီးတော့ Parallel System နဲ့ကျင့်သုံးသင့်တယ်လို့ ခြုံငုံပြီးတော့မှ တင်ပြထားတာဖြစ်ပါတယ်။ ဒါကိုလည်းပဲ အကျယ်တဝင့် ကျွန်တော်တို့နည်းနည်းလေး ပြောကြမယ်ဆိုရင်တော့ FPTP ကို ပြည်နယ်မှာကျင့်သုံးမယ်။ တိုင်းဒေသကြီးတွေထဲကမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုတော့ဖြင့် FPTP ပဲ

ကျင့်သုံးမယ်။ ကျန်တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါ တိုင်းဒေသကြီးများမှာတော့ List PR ကျင့်သုံးမယ်ဆိုတဲ့အနေနဲ့ ဒီနှစ်ခုကိုပေါင်းပြီးတော့ Parallel System နဲ့ရွေးကောက်ပွဲစနစ် တစ်ခုကို ပြဋ္ဌာန်းဖို့ရန်ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီ Parallel System ဟာ မကောင်းဘူးလား။ ဒီလို Parallel System လုပ်ခြင်းဟာ ကျွန်တော်တို့တိုင်းပြည်အတွက် အခြေအနေဆိုးဝါးစေသလားဆိုတာ ချိန်ထိုးကြည့်ရမှာ ဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာပေါ်မှာ ကျွန်တော်တို့သိရသလောက် နိုင်ငံ ၉၀ နီးပါးဟာ PR ကိုအခြေခံတဲ့စနစ်မျိုးနဲ့ ရွေးကောက်ပွဲတွေလုပ်နေတယ်ဆိုတာ သိရပါတယ်။ ဒီတော့ ကျွန်တော်တို့ ထက်ကို ရှေ့ရောက်နေတဲ့၊ တိုးတက်နေတဲ့ တိုင်းပြည်တွေမှာကျင့်သုံးတဲ့စနစ်မျိုးကို ကျွန်တော်တို့တွေ မကျင့်သုံးသင့်ဘူးလား။

အချို့ကလည်းပဲ ဒီအပေါ်မှာမူတည်ပြီးတော့ ဒီ PR အခြေခံတဲ့စနစ်က အချိန်မသင့်သေးပါဘူး စောနေသေးပါတယ်လို့ ပြောဆိုကြတာရှိပါတယ်။ ကျွန်တော်တို့တွေက အချိန်မသင့်သေးပါဘူး။ စောပါသေးတယ် ဆိုပြီးစောင့်နေရတဲ့အချိန်တွေ နှစ်ပေါင်းအတော်ကြာပါပြီ။ အမြန်ဆုံးခြေလှမ်းနဲ့ လှမ်းနိုင်ပါမှ ကျွန်တော်တို့လိုချင်တဲ့ ဖွံ့ဖြိုးတိုးတက်တဲ့တိုင်းပြည်ကို ရောက်ပါလိမ့်မယ်။ ဒီတော့က တိုင်းပြည်မှာ လူမျိုးစုတွေအများကြီးရှိတယ်။ ဒီစနစ်မျိုးကို ကျင့်သုံးရင်လူမျိုးစုတွေ ကိုယ်စားပြုနိုင်တဲ့ စနစ်ဖြစ်တယ်။ အဲ့ဒီစနစ်ကို ကျွန်တော်တို့လက်မခံနိုင်ကြဘူးလား။ တိုင်းရင်းသားလူမျိုးပေါင်းစုံ အကုန်ပါဝင်နိုင်တဲ့ ရွေးကောက်ပွဲစနစ်မျိုးကို ကျွန်တော်တို့ကျင့်သုံးဖို့မလိုဘူးလား။ တစ်နည်းအားဖြင့် ဆိုးဝါးတဲ့နိုင်ငံရေး ပြဿနာတွေကိုလျှော့ကျသွားစေနိုင်တဲ့ ဒီစနစ်ကိုရော ကျွန်တော်တို့လက်မခံနိုင်ကြ ဘူးလား။ တိုင်းပြည်ကောင်းစားဖို့ဆိုရင် မတူတာတွေကိုဘေးဖယ်၊ တူတာတွေကိုလုပ်ကြမယ်။ အဲ့ဒီလို လုပ်လို့ရတဲ့ဒီလို PR အခြေခံတဲ့စနစ်မျိုးကို ကျွန်တော်တို့ရဲရဲဝံ့ဝံ့လက်မခံရင် ပြည်သူချစ်သော ပါတီ၊ ပြည်သူချစ်သော ကိုယ်စားလှယ်ဖြစ်ဖို့အရေးဟာ အဓိကကျပါတယ်။ မည်သည့်ရွေးကောက်ပွဲစနစ်ပင် ဆိုစေ ကျွန်တော်တို့ဟာ ရဲရဲဝံ့ဝံ့တိုင်းပြည်အတွက်ကို ရင်ဆိုင်နိုင်ကြရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကော်မရှင်က တင်ပြတဲ့နေရာမှာ ကျွန်တော်တို့နည်း သုံးနည်းလေး List PR နဲ့ပတ်သက်ပြီးတော့မှ ပါတာရှိပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ List PR မှာ Open List ဖြစ်ဖို့က အများကြီး အရေးကြီးပါတယ်။ တကယ်ဒါတွေကို နောက်ပိုင်းမှာအသေးစိတ် ထပ်ပြီးတော့မှ Design တွေကို ဒီထက်ပိုပြီးတော့မှ တိကျအောင်ရေးဆွဲဖို့လည်း လိုပါဦးမယ်။ လောလောဆယ်အားဖြင့် ကော်မရှင်က တင်ပြတဲ့အချက် အပေါ်မှာသုံးသပ်ဆွေးနွေးရမယ်ဆိုရင်တော့ဖြင့် ဒီနေ့ ဒီအချိန်ကာလနဲ့ တိုင်းပြည်ရဲ့ အခြေအနေ တည်ငြိမ်စွာနဲ့ တိုးတက်ဖွံ့ဖြိုးမှုကို ရှေးရှုနိုင်တဲ့ အားလုံးပါဝင်လို့ရတဲ့စနစ်မျိုးကို

ကျွန်တော်တို့ လွှတ်တော်ကြီးက လက်ခံသင့်တဲ့အကြောင်းနဲ့ ဒီစနစ်နဲ့ရွေ့လာမယ့်ရွေးကောက်ပွဲများမှာ ကျွန်တော်တို့ ဆက်လက်ချီတက်သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ FPTP စနစ်ကိုအခြေခံပြီး ရေးဆွဲခဲ့တာဖြစ်ပါတယ်။ PR စနစ်ကို အခြေခံပြီးရေးဆွဲခဲ့တာ မဟုတ်ဘူးဆိုတာ အဲ့ဒီတုန်းက အမျိုးသားညီလာခံကို ၁၄ နှစ်တိုင်တိုင်တက်ရောက်ခဲ့တဲ့သူတွေနဲ့ ပညာရှင်တွေအသိပဲဖြစ်ပါတယ်။ ဒီလူတွေဟာ ဒီအချိန်မှာ အခြေအနေအမှန်ကို သတ္တိရှိရှိနဲ့ တာဝန်ယူ၊ တာဝန်ခံကြဖို့လိုနေပြီဖြစ်ပါတယ်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်နိုင်သေးပဲနဲ့၊ အားလုံးလည်းအဆင်သင့်မဖြစ်ပဲနဲ့ စနစ်တစ်ခုကို ပြောင်းလဲဖို့ဆိုတာဟာ မဖြစ်သင့်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အရင်ဆုံးပြုပြင်ဖို့ မကြိုးစားသေးဘဲနဲ့ ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်တဲ့ဥပဒေပါ အချက်အလက်တွေ၊ ပြဋ္ဌာန်းချက်တွေကို မပြင်ဆင်နိုင်သေးပဲနဲ့ PR စနစ်ကို အပြည့်အဝကျင့်သုံးဖို့ရာမဆိုထားနဲ့။ PR စနစ်ရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ကျင့်သုံးမယ့် အခုတင်ပြထားတဲ့ ပုံစံ(၃)နှင့် ပုံစံ(၄) ကိုပါမကျင့်သုံးသင့်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)ကို သွေဖယ်နေတယ်ဆိုတာ တွေ့ရတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒမပါဘဲ ပြည်သူ့သဘောထားကို ဆန္ဒခံယူပွဲတွေ ကျင်းပပြီးတော့ ဖော်ထုတ်ခွင့်မပြုသေးဘဲနဲ့ ရွေးကောက်ပွဲစနစ်ကို အရေးတကြီးပြောင်းလဲချင်တာဟာ ဘယ်လိုစိုးရိမ်ပူပန်မှုတွေရှိနေလို့လဲ။ နောက်တစ်ခုက ဘယ်သူတွေရဲ့ အကျိုးစီးပွားအတွက်ကို ကာကွယ်ချင်လို့လည်းလို့ ပြည်သူတွေက မေးနေပါပြီ။

ကျွန်မတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြန်ဖြေဖို့ရာတာဝန်ရှိနေပါတယ်။ ပြည်သူ့လွှတ်တော်နဲ့လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ် နည်းလမ်း ၈ ခုကိုတင်ပြတဲ့နေရာမှာလည်း စနစ် ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ တို့ဟာလည်း ဘယ်စနစ်ကိုပဲ ကျင့်သုံး၊ ကျင့်သုံး မဲဆန္ဒရှင်နိုင်ငံသူ၊ နိုင်ငံသားတွေကို ကျေနပ်နားလည်လက်ခံလာနိုင်တဲ့အထိ ဒီစနစ်ကိုတီထွင်ပြဋ္ဌာန်းတဲ့သူတွေအနေနဲ့ ရှင်းလင်းပြဖို့ရာလိုအပ်ပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ တိုင်းရင်းသားများအားလုံး တန်းတူညီမျှရေးလို့ ကျွန်မတို့အတွင်တွင်အော်နေပြီးတော့ ရွေးကောက်ပွဲစနစ်ကျမှ ခွဲခြားကျင့်သုံးရလောက်

အောင် ဗမာနှင့်တိုင်းရင်းသား ဘာတွေများကွာခြားနေလို့ပါလဲ။ တိုင်းရင်းသားတွေ တစ်ချိန်လုံး တောင်းဆိုနေတာကလည်း တန်းတူညီမျှရေးပါပဲ။

ဥက္ကဋ္ဌကြီးရှင့်။ ဖွံ့ဖြိုးမှုနည်းလို့၊ ခေတ်နောက်ကျလို့၊ စာတတ်မြောက်မှုနှုန်းတွေနည်းလို့မိုလို့ ဆိုလို့ရှိရင် ကျွန်မတို့ဖွံ့ဖြိုးမှုတန်းတူညီမျှအောင်၊ အခွင့်အရေးတန်းတူအောင် လုပ်ပေးရမှာဖြစ်ပါတယ်။ ဘာ့ကြောင့် ခွဲခြားသတ်မှတ်တာလဲဆိုတာ ကျွန်မတို့မေးစရာရှိပါတယ်။ ဖွံ့ဖြိုးမှုရှိတဲ့နေရာတွေနဲ့ပဲထိုက်တန်တယ်၊ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နေရာတွေနဲ့မထိုက်တန်ဘူးဆိုတဲ့သဘော သက်ရောက်နေပါတယ်။ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်ရှိပြီး ပါတီပေါင်းစုံပါဝင်လာနိုင်တယ်ဆိုတဲ့မက်လုံးနဲ့ ပြည်သူလူထုတွေကို မျက်စိလည်အောင် မလှည့်စားသင့်ပါဘူး။ ယနေ့ လွှတ်တော်ကြီးထဲမှာရှိနေတဲ့ ကိုယ်စားလှယ်များဟာလည်း မဲများသူအနိုင်ယူစနစ် FPTP နဲ့ပဲ ရွေးချယ်ခံခဲ့ရတဲ့သူတွေဖြစ်ပါတယ်။ စနစ်သစ်တစ်ခုကိုပြောင်းလဲကျင့်သုံးမယ်ဆိုရင် လက်ရှိစနစ်ရဲ့အားနည်းချက်တွေကို လွှတ်တော်သက်တမ်း ၃ နှစ်ကျော်အတွင်းမှာ ဘယ်လိုကြုံတွေခဲ့ရပါတယ်ဆိုတဲ့ အထောက်အထားနဲ့တကွ အခက်အခဲတွေကို တင်ပြနိုင်ဖို့ရာလိုပါတယ်။ ပြည်သူတစ်ရပ်လုံးက တောင်းဆိုတာမဟုတ်ဘဲ ပါတီတချို့ကတောင်းဆိုတာနဲ့ပြောင်းလဲဖို့ပြင်ဆင်မယ်ဆိုတာဟာ လုံးဝမဖြစ်သင့်တဲ့ကိစ္စတစ်ရပ်ပါ။ နောက်တစ်ခုက PR စနစ်ကို ကျင့်သုံးမယ်ဆိုရင် အမျိုးသမီးတွေပါဝင်မှု လွှတ်တော်ထဲမှာတိုးလာမယ်လို့ ပြောတာတွေလည်းရှိပါတယ်။ ဒါဟာ PR နဲ့ဆိုင်တယ်လို့ ကျွန်မတို့ပြောလို့မရပါဘူး။ ရာခိုင်နှုန်းနဲ့ပေးမယ်ဆိုရင်လည်း ဘယ်လိုပေးမယ်ဆိုတာကို တိတိကျကျပါရမှာဖြစ်ပါတယ်။ ဥပမာ ပါကစ္စတန်နိုင်ငံ၊ နီပေါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတွေမှာ အမျိုးသမီးတွေပါဝင်မှုကို ရာခိုင်နှုန်းနဲ့အတိအကျ ပေးပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာကျင့်သုံးမယ့် PR စနစ်မှာ အမျိုးသမီးများ ဘယ်လိုပါဝင်နိုင်မယ်ဆိုတာကို အာမခံချက်ပေးထားတာမတွေ့ရတဲ့အတွက်ကြောင့် PR စနစ်ကြောင့် အမျိုးသမီးများပါဝင်မှုများ လာမယ်ဆိုတာဟာတရားသေမှတ်ယူလို့မရပါဘူး။ အဓိကကတော့ ပါတီရဲ့မူဝါဒနဲ့ပဲဆိုင်တယ်လို့ ကျွန်မတို့ပြောပါရစေ။

ဥက္ကဋ္ဌကြီးရှင့်။ ပါတီအနေနဲ့ ရွေးကောက်ပွဲအောင်နိုင်ဖို့က အဓိကကျသလား။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို အမြစ်တွယ်အောင်လုပ်ပေးနိုင်ဖို့က အဓိကကျသလားဆိုတာ စဉ်းစားကြဖို့လိုပါပြီ။ ပြည်သူ့ဆန္ဒကိုကျော်ခိုင်းပြီး ကိုယ့်ပါတီလွှတ်တော်ထဲ ရောက်ရှိရေးအတွက် ရွေးကောက်ပွဲကို နည်းလမ်းအဖြစ် အသုံးပြုတာဟာ သမိုင်းမှာမကောင်းနိုင်ပါဘူး။ ဒီလိုနည်းလမ်းနဲ့ လွှတ်တော်ထဲကို ရောက်ရှိအောင်လည်း မဆောင်ရွက်သင့်ပါဘူး။ ကြိုးလည်းမကြိုးစားသင့်ပါဘူးရှင်။ ကိုယ့်ပါတီ

အနိုင်ရသည်ဖြစ်စေ၊ အနိုင်မရသည်ဖြစ်စေ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို အမြစ်တွယ်အောင် လုပ်ပေးနိုင်တဲ့ပါတီ၊ သန့်သန့်ရှင်းရှင်းနှင့် မှန်မှန်ကန်ကန်လုပ်ခဲ့တဲ့ ပါတီတွေကသာ နောက်ဆုံးမှာ အောင်ပွဲခံရမှာ ဖြစ်ပါတယ်။ ကိုယ့်ဘက်ကမှန်ကန်ရင် ပြည်သူတွေက နောက်မှာရှိပါတယ်။ ဘယ်စနစ်၊ ဘယ်မူဝါဒတွေပဲပြောင်းပြီး ကျင့်သုံးကျင့်သုံး ပြည်သူကထောက်ခံမှ ရကြမှာဖြစ်ပါတယ်။ ပြည်သူတွေက အခု မအကြတော့ပါဘူး။ ကျွန်မတို့ကိုယ်စားလှယ်တွေကိုမေးနေပါပြီ။ ပြည်သူတွေက သူတို့ရဲ့ မြင်တာတွေ၊ ထင်မြင်တာတွေ၊ သူတို့သိတာတွေကို ကျွန်မတို့ကို ပြန်လည်ပြီးတော့ အပြန်အလှန် ဆွေးနွေးနိုင်တဲ့ အဆင့်တွေရောက်နေပါပြီ။ အမှားအမှန် အကောင်းအကျိုး ချင့်ချိန်ပြီးတော့ ဆုံးဖြတ်နိုင်တဲ့ အခြေအနေကို ရောက်နေပါပြီ။ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူ့အသံတွေကို ရဲရဲနားထောင်မယ်ဆိုရင် ကျွန်မတို့ သိနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အားဖြင့် လေ့လာသုံးသပ်ရေးကော်မရှင်ဟာ မိမိဆောင်ရွက်ရမယ့် တာဝန်ဖြစ်တဲ့ Design နှင့် System ကို ရောထွေးပြီးတော့ လိုရာကိုဇောင်းပေး တင်ပြခဲ့တဲ့အတွက်ကြောင့် ဒီအချက်ကို ကျွန်မတို့ ကန့်ကွက်ပါတယ်။ PR စနစ်ကို ကျင့်သုံးတဲ့နေရာမှာပဲဖြစ်ဖြစ်၊ ဘယ် PR စနစ်ကို ကျင့်သုံးမယ်ဆိုတာလည်း အခုအချိန်အထိ ရှင်းရှင်းလင်းလင်း တင်ပြထားတာလည်းမတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ ပြောင်းလဲကျင့်သုံးမယ့် မည်သည့်စနစ်ပဲဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်တဲ့အတွက်ကြောင့်လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံး အနေနဲ့ နားလည်လက်ခံနိုင်လောက်တဲ့ Voter Education ဆောင်ရွက်မပေးနိုင်သေးတဲ့ အတွက်ကြောင့်လည်းကောင်း၊ စနစ်တစ်ခုကိုပြောင်းလဲဖို့ ပြည်သူလူထုရဲ့တောင်းဆိုချက်နဲ့ သဘောတူညီချက်မရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ ပြောင်းလဲကျင့်သုံးမယ့်စနစ်များကို သဘောတူလက်ခံနိုင်ခြင်းမရှိဘဲ ကျွန်မအနေနဲ့ PR စနစ်ကိုမကျင့်သုံးပဲ FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးသင့်ပါကြောင်းနှင့် ဒီကော်မရှင်မှာပါဝင်ခဲ့တဲ့ ဒေါက်တာဇော်မြင့်မောင် ပထမဆုံးတင်ပြခဲ့တဲ့အချက်များကို ထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ မြင်းခြံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်ဝပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်

ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီတင်းနေထိုင်နေတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်နဲ့ ပြည်သူများရဲ့ညီညွတ်မှု၊ လက်ရုံးရည်၊ နှလုံးရည်တို့ကြောင့် နှစ်ပေါင်းထောင်ချီပြီးတော့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် မားမားမတ်မတ်ရပ်တည် နေနိုင်ခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ရှိနေခြင်း၊ Geo Politics ပထဝီနိုင်ငံရေး အရကြည့်ရင်လည်း အိမ်နီးချင်းနိုင်ငံနှစ်ခုမှာ လူဦးရေသန်းထောင်ကျော်ရှိခြင်း၊ နယ်မြေဧရိယာ ကျဉ်းပြီး လူဦးရေသိပ်သည်းဆအလွန်များတဲ့ နိုင်ငံတစ်ခုနဲ့ထိစပ်နေခြင်း၊ ရှည်လျားတဲ့ ပင်လယ်ရေ မျက်နှာပြင်ရှိခြင်းတို့ဟာ အလွန်ထူးခြားတဲ့ သဘာဝအခြေအနေများဖြစ်ကြောင်း တင်ပြလိုပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်ခုအတွက် 3 Might လို့ခေါ်တဲ့ (၁) Political Might နိုင်ငံရေး စွမ်းရည်၊ (၂) Economy Might စီးပွားရေးစွမ်းရည်နဲ့ (၃) Military Might စစ်ရေးစွမ်းရည် သုံးချက် ခိုင်မာတောင့်တင်းဖို့လိုကြောင်း ကျွန်တော့်အနေနဲ့မှတ်သားထားဖူးပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီများထူထောင်နိုင်ခဲ့ပြီး ရွေးကောက်ပွဲများလည်း ကျင်းပခဲ့ပါ တယ်။ ဥပဒေပြုလွှတ်တော်၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့များ ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၁ မှာ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံဖြစ်သည်။ ပုဒ်မ ၇ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကိုကျင့်သုံးတယ်လို့ အတိ အလင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ပုဒ်မ ၃၅ ကိုဆက်လက်တင်ပြရရင် နိုင်ငံတော်၏စီးပွားရေး စနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။ ပုဒ်မ ၃၉၇ မှာ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်လို့ အတိအလင်းဖော်ပြထားပါတယ်။ ဒါကြောင့် ကျွန်တော် ပုဒ်မ ၃၉၇ ကို ထောက်ပြချင်တာက ပြီးခဲ့တဲ့ ဆွေးနွေးတဲ့ကိုယ်စားလှယ်များဟာ ကျွန်တော်တို့က ဒီလွှတ်တော် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ရွေးကောက်ပွဲများကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကို ရွေးချယ်ဖို့နည်းလမ်းတွေ၊ ဥပဒေတွေပြုဖို့ အတိအလင်း အပ်နှင်းထားကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ အခြေခံဥပဒေများအရ ပါတီပေါင်း ၆၀ ကျော် ထူထောင်ခဲ့ကြပြီး အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်း ဥပဒေများနှင့်အညီ လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခဲ့ကြပြီး အခြေခံဥပဒေက အပ်နှင်းထားတဲ့အတိုင်း တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြဆဲလည်း ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတော် ထာဝရရှင်သန် ရပ်တည်ပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုရရှိရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုခွင့်ရှိတဲ့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်သုံးသပ်ရာမှာ (က) တည်ဆဲ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၁၂) ပေးအပ်ထားချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို လိုအပ်သည့် အချိန်နှင့်အခြေအနေတွင် ပြင်ဆင်နိုင်ရန် ပြဋ္ဌာန်း ပါရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်၌ ပြင်ဆင်သင့်၊ ပြင်ဆင်ထိုက်သည့်အချက်များကို စိတ်ကောင်းစေတနာမှန်များဖြင့် ဆွေးနွေးညှိနှိုင်း၍ ရလာဒ်ကောင်းများရရှိနိုင်ရန် ဆောင်ရွက်နေ ကြပြီဖြစ်ပါတယ်။ (ခ)နောက်တစ်ချက်အနေနဲ့ကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနဲ့ လိုက်လျော ညီထွေမှုရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တို့မှာ ကော်မရှင်နဲ့ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နဲ့နိုင်ငံသားများရဲ့အကျိုးကို ရှေ့တန်း တင်ပြီး ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပြီဖြစ်ပါတယ်။ ဒီလိုကော်မရှင်များ ဖွဲ့စည်းစဉ်ကလည်း ပြည်သူ့ လွှတ်တော်မှာရော၊ အမျိုးသားလွှတ်တော်မှာရော အကြေအလည်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ချက် ချပြီးကြပြီးဖြစ်ပါတယ်။ ဒီလိုကော်မရှင်တွေဖွဲ့စည်းရာမှာလည်း အားလုံးရဲ့ဆန္ဒပါဝင်အောင် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးက ပါတီစုံကို ထည့်သွင်းဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒီမို ကရေစီသဘောအရ တင်ပြလာတဲ့ အချက်တွေဟာ ကွဲပြားခြားနားသော်လည်းပဲ ဒီတာဝန်ဟာ နောက်ဆုံးမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ယူရမှာဖြစ်ကြောင်း ကျွန်တော် ထပ်လောင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကော်မရှင် ကတင်ပြလာတဲ့နည်းလမ်း ၈ ခုကနေပြီးတော့ ရွေးချယ်အတည်ပြုပြီး တည်ဆဲဥပဒေအရ ပြည်ထောင်စု လွှတ်တော်သို့ ဆက်လက်တင်သွင်းအတည်ပြုပြဋ္ဌာန်းရမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြရာမှာ ပါတီအဖွဲ့အစည်းကို အခြေမခံ၊ အမျိုးသားအကျိုးစီးပွားကိုသာ အခြေပြုသွားမှာဖြစ်ပါကြောင်း ကိုယ်စားလှယ်တော်ကြီးများကို အသိ ပေးတင်ပြလိုပါတယ်။ ကော်မရှင်ကလည်း ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိတဲ့

ရွေးကောက်ပွဲစနစ်များကို လေ့လာဖော်ထုတ်ရာမှာ အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှု သဘောတရားအစုံနဲ့ ပြည်သူတို့၏ဆန္ဒအစုံကို ကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူတဲ့ရွေးကောက်ပွဲမျိုး ဖော်ဆောင်လျက် တည်ငြိမ်ပြီး စွမ်းရည်ရှိတဲ့ အစိုးရမျိုးဖွဲ့စည်းနိုင်တဲ့ ရွေးကောက်ပွဲစနစ်ဖြစ်ရန်နဲ့ ကျွန်တော် အထက်မှာတင်ပြခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ဆီလျော်အပ်စပ်မှုရှိတဲ့ ရွေးကောက်ပွဲစနစ်တစ်ခုကို ရွေးချယ်ပေးဖို့ အထူးအရေးကြီးကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြလိုပါတယ်ခင်ဗျား။ မြန်မာ့သမိုင်းမှာ ရွေးကောက်ပွဲ (၆)ကြိမ်ကျင်းပခဲ့ပြီး FPTP (First Past The Post)စနစ်ကိုကျင့်သုံးခဲ့ပြီး အနိုင်ရတဲ့ မဲရာခိုင်နှုန်းနဲ့ ကိုယ်စားလှယ်နေရာရရှိမှု ရာခိုင်နှုန်းအချိုးအစားမကျကြောင်း၊ အနိုင်ရမဲများက ကိုယ်စားလှယ် ပြောင်းလဲနိုင်မှုတွင် အချိုးကျမှုအလွန်နည်းကြောင်း တွေ့ရပါတယ်။ နိုင်ငံတကာလက်ရှိကျင့်သုံးနေတဲ့ ရွေးကောက်ပွဲ စနစ်များကို ကြည့်ရင်လည်း FPTP ၄၇ နိုင်ငံ၊ List PR (၇၀)နိုင်ငံ၊ MMPC (Mixed Member Proportional) (၉)နိုင်ငံနဲ့ Parallel ကျင့်သုံးတဲ့ (၂၀)နိုင်ငံ ဆိုပြီးတော့ တွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့်ရွေးကောက်ပွဲစနစ်မျှ ပြီးပြည့်စုံတယ်၊ လုံးဝဥဿုံညီညွတ်မျှတ မှန်ကန်တယ်လို့တော့မရှိဘူးလို့ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်းစုံနဲ့ ယခုအချိန်မှာ တန်းတူညီတူ ထိတွေ့ဆက်ဆံပြီး လက်ရှိအချိန်မှာ အာဆီယံဥက္ကဋ္ဌအဖြစ် အောင်မြင်စွာ ဆက်သွယ်ခွင့်ရနေခြင်းဟာလည်း ဂုဏ်ယူစရာဖြစ်ပါတယ်။ ဒါကြောင့် တရားသေဆုပ်ကိုင်ထားမှုအမှားများကို ရှောင်ရှားပြီးတော့ ပြုပြင်သင့်ပြုပြင်ထိုက်သည်ကို ပြုပြင်နေရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နဲ့ လိုက်လျောညီထွေဖြစ်မယ့် ပြည်သူ့လွှတ်တော်မှာ စနစ်တစ်ခုကို ကျွန်တော်တို့ ဖော်ဆောင်နေခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီလိုဖော်ဆောင်ရာမှာ အဆိုတင်သွင်းစဉ်က ဆွေးနွေးခဲ့ကြတဲ့ တိုင်းရင်းသားကိုယ်စားပြုနိုင်ငံရေးပါတီများ ပါတီအသီးသီးရဲ့ ဆွေးနွေးချက်၊ တပ်မတော်သားကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များကိုလည်း အလေးထားပါကြောင်း ကျွန်တော့်အနေနှင့် တင်ပြလိုပါတယ်။ မဲဆန္ဒရှင်များနဲ့ ပါတီငယ်များအတွက် တရားမျှတမှုရှိရန် လိုအပ်ခြင်း၊ အများစုဟာ အုပ်ချုပ်ခွင့်ရှိပါတယ်။ သို့သော် ပြည်သူတစ်ရပ်လုံးဟာ ကိုယ်စားပြုခွင့်ရှိရပါမယ်။ ဒါကြောင့် အနိုင်ရတဲ့မဲများနှင့် ကိုယ်စားလှယ်ရရှိမှုကို အချိုးအစားကျညီညွတ်မျှတရန်လည်း အရေးကြီးပါတယ်။ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်နဲ့ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဖြစ်၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပါတီစုံ ပါဝင်နိုင်ရန်လည်း အရေးကြီးပါတယ်။

ထို့ပြင် တည်ဆဲအခြေခံဥပဒေနဲ့လည်း ကိုက်ညီဖို့လိုပါတယ်။ အကောင်အထည်ဖော်နေတဲ့ ဒီမိုကရေစီစနစ်နဲ့လည်း ပိုပြီးညီညွတ်လိုက်လျောညီထွေဖြစ်ခြင်း၊ အဆိုရှင်နှင့် တိုင်းရင်းသားတို့၏ဆန္ဒ၊ နိုင်ငံတော်၏ ပကတိအခြေအနေအရ တိုင်းဒေသကြီး/ပြည်နယ်များမှာ တစ်ပြေးညီ မကျင့်သုံးသင့်ကြောင်း ဆွေးနွေးခဲ့တာလည်း ကျွန်တော်မှတ်သားထားပါတယ်။

ဒါကြောင့် ရှင်းလင်းလွယ်ကူပြီး FPTP စနစ်ကို အခြေခံကျင့်သုံးသော ကော်မရှင်က တင်ပြထားတဲ့ ရွေးကောက်ပွဲစနစ်နည်းလမ်း(၄) Mixed Parallel System ကို ကျွန်တော်တို့အနေနဲ့ရော ပြည်သူ့လွှတ်တော် အနေနဲ့ရော ရွေးချယ်ပေးဖို့ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ အထူးတင်ပြလိုပါတယ်။ ဒီစနစ်နဲ့ ပတ်သက်ပြီးတော့ နေ့စဉ်ထုတ်ပြည်ထောင်စုသတင်းစာ၊ အခြားရေဒီယိုရုပ်မြင် သတင်းစာတွေမှာလည်း အကျယ်တဝင့် ဖော်ပြပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့လွှတ်တော်မှာလည်း အကြေအလည် ကော်မရှင်ကနေ တင်ပြပြီးဖြစ်ပါတယ်။ဒါကြောင့် အချိန်ကိုငဲ့ကွက်သောအားဖြင့် ကျွန်တော် တစ်ခုချင်းအလိုက် ကျွန်တော်မဆွေးနွေးမတင်ပြတော့ပါဘူးခင်ဗျား။ အဲဒီမှာလည်း အခြေခံဥပဒေနဲ့ ကိုက်ညီကြောင်း၊ လက်ရှိတည်ဆဲဥပဒေနဲ့ကိုက်ညီကြောင်း ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ တင်ပြရရင်တော့ နိုင်ငံတော်ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကျွန်တော်တင်ပြခဲ့တဲ့ နည်းလမ်းလေးကို တစ်ခဲနက် ထောက်ခံအတည်ပြုပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမင်းဆွေ၊ ဒိုက်ဦးမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းဆွေ(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲ စနစ် ရွေးချယ်ကျင့်သုံးနိုင်ရေးအတွက် လေ့လာသုံးသပ်ရေးကော်မရှင်အစီရင်ခံစာကို ကျွန်တော်တို့ လေ့လာတဲ့အခါမှာ အသေးစိတ်လေ့လာတင်ပြထားတာတွေ့ရပါတယ်။ ဒီမှာဆိုလို့ရှိရင် နိုင်ငံတကာမှာ လက်တွေ့ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်များကို လေ့လာကြည့်လို့ရှိရင် နိုင်သူအကုန်ယူစနစ်က FPTP စနစ်က ၄၇ နိုင်ငံ၊ အချိုးကျကိုယ်စားပြု List PR စနစ်ကျင့်သုံးတဲ့နိုင်ငံက ၇၀ နိုင်ငံ၊ ရောနှောစနစ် Mixed Member Proportional ကျင့်သုံးတဲ့နိုင်ငံက ၉ နိုင်ငံ၊ အပြိုင်စနစ်

Parallel ကျင့်သုံးတဲ့နိုင်ငံက ၂၁ နိုင်ငံဆိုပြီးတော့ တင်ပြထားတာတွေ့ရပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့က ဒီ FPTP စနစ်ကျင့်သုံးတဲ့နိုင်ငံဟာ ခုနကလိုပေါ့။ PR စနစ်နဲ့ အပြိုင်စနစ်၊ ရောနှောစနစ်ကျင့်သုံးတဲ့ နိုင်ငံရဲ့ တစ်ဝက်လောက်ဖြစ်နေတဲ့ အချိုးကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် ဒီနိုင်ငံတွေဟာ ဘာဖြစ်လို့ အဲဒီလိုစနစ်တွေကျင့်သုံးသလဲ။ ပိုကောင်းလို့ ကျင့်သုံးတယ်လို့ အကြမ်းဖျင်း ကျွန်တော်တို့ လက်ခံရမှာဖြစ်ပါတယ်။

နောက်တစ်ခုက ကော်မရှင်ရဲ့အစီရင်ခံစာမှာကြည့်တဲ့အခါမှာ ပြုပြင်ပြီးအပြိုင်စနစ်ဆိုပြီးတော့ Parallel စနစ်ကို ပြန်တင်ပြထားတာရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က စနစ်ကို တင်ပြပြီးတော့ အကောင်အထည်ဖော်မယ့်ပုံစံမပါရင် ကျွန်တော်တို့က အဓိပ္ပာယ်က ပြည့်စုံမှာမဟုတ်ပါဘူး။ ဥပမာဆိုပါတော့ နိုင်သူအကုန်ယူစနစ် FPTP စနစ်ကျင့်သုံးမယ်ဆိုရင် FPTP ကဘယ်လိုလဲ။ FPTP က ကျွန်တော်တို့ထောက်ခံတဲ့ ကိုယ်စားလှယ်ကို ခြစ်ပေးရမယ် စသည်အားဖြင့် အကောင်အထည်ဖော်မယ့်၊ ပုံဖော်မယ့် Design ပါရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စနစ်ကိုတင်ပြတဲ့အခါမှာ Design ပါခြင်းသည် ကျွန်တော်တို့ရဲ့ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်ဘောင်ကိုကျော်တယ်လို့ ပြောလို့မရပါဘူး။ ဒါကြောင့်မို့လို့ ဒါကော်မရှင်ရဲ့ တင်ပြချက်က စနစ်နှင့်အတူ Design ကိုတွဲပြီးတော့ တင်ပြခြင်းသည် သူ့ရဲ့ ဘောင်အတွင်းက တင်ပြတယ်လို့ ကျွန်တော့်အနေနဲ့ လက်ခံနားလည်ပါတယ်။

နောက်တစ်ခုကလည်း ကျွန်တော်တို့က ခုနက ရှေ့က ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားသလို ကျွန်တော်တို့နိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်မယ်။ ကျွန်တော်တို့ ပြည်သူတွေရဲ့ဆန္ဒမဲတွေ ဆုံးရှုံးမှုမသွား အောင်ဆိုပြီးတော့ အသေးစိတ်လေ့လာပြီးတော့တင်ပြသွားတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ FPTP စနစ်နဲ့ရွေးဖို့ရေးဆွဲခဲ့တယ်။ ဒါကြောင့် ဒီစနစ်အတိုင်း လုပ်ဖို့သင့်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြီးပြည့်စုံပြီလား။ ဒါဆိုရင် ကျွန်တော်တို့က ဘာလို့ပြင်ဖို့လုပ်နေတာလဲ။ ဒီလိုမေးခွန်းထုတ်ဖို့ရှိပါ တယ်။ အဲဒီတော့ ကျွန်တော်တို့က အရေးကြီးတာက ဘယ်စနစ်က ကျွန်တော်တို့ပြည်သူတွေအတွက် ပိုပြီးတော့ အကျိုးရှိမလဲ။ ကျွန်တော်တို့မဲဆန္ဒရှင်တွေအတွက် ပိုပြီးတော့အကျိုးရှိမလဲဆိုတာကို သုံးသပ်လေ့လာဖို့လိုပါတယ်။ ကျွန်တော့်အမြင်ပြောရရင်တော့ အကြံပြုတင်ပြထားတဲ့ အပြိုင်စနစ် ပုံစံလေးဟာဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူတွေနဲ့ လိုက်လျောညီထွေဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီစနစ်က ထောက်ခံသင့်တဲ့စနစ်ဖြစ်ပါတယ်။ ဒီစနစ်ကို ကျွန်တော်တို့က ထောက်ခံပြီးပြီဆိုလို့ရှိရင်

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘူးဆိုရင်လည်း ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒါနောက်ဆက်လုပ်ရမယ့်အပိုင်းဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့က ဒီဖွဲ့စည်းပုံအခြေခံဥပဒေ ဒီရွေးကောက်ပွဲစနစ်ပြင်ဖို့ဟာ ပြည်သူတွေက တောင်းဆိုပြီလားလို့ မေးစရာရှိပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူတွေကတောင်းဆိုသည်ဖြစ်စေ၊ မတောင်းဆိုသည်ဖြစ်စေ ပြည်သူတွေအတွက် အမှန်တကယ် အကျိုးရှိမယ့်ကိစ္စဆိုရင် ကျွန်တော်တို့ တင်ပြဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ ဒီလိုပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ဥပဒေကြမ်းတွေ၊ အဆိုတွေကို ပြည်သူတွေမတောင်းဆိုသော်လည်းပဲ ပြည်သူတွေအတွက် အမှန်တကယ်အကျိုးရှိမယ့်ကိစ္စများကို တင်ပြပြီးတော့ ဆောင်ရွက်နေကြတာရှိပါတယ်။ သို့သော်လည်း ဒီမှာ တစ်ခုဆွေးနွေးချင်တာကတော့ ကျွန်တော်တို့ ပြည်နယ်တွေကိုတော့ ကျွန်တော်တို့က FPTP နဲ့သွားမယ်။ ကျန်တဲ့ တိုင်းဒေသကြီးတွေကိုတော့ ကျွန်တော်တို့က ခုနက Parallel စနစ်သွားမယ်ဆိုရင်တော့ ပြည်နယ်တွေအနေနဲ့လည်း ဘာပဲပြောပြော တိုင်းရင်းသားတွေကိုလည်း ကျွန်တော်တို့က တန်းတူရည်တူသတ်မှတ်သင့်ပါတယ်။ ပြည်နယ်တိုင်းရင်းသားတွေမှာလည်းပဲ ပညာရှင်တွေအများကြီးရှိပါတယ်။ သမိုင်းမှာပြန်ကြည့်မယ်ဆိုရင်လည်းပဲ ရခိုင်ပညာကျော်တွေ၊ မွန်ပညာရှိကြီးတွေ အများကြီးရှိခဲ့သလို ကျွန်တော်တို့ လက်ရှိမှာလည်း တကယ့်လူကြီးတွေထဲမှာလည်း ရခိုင်တွေ၊ မွန်တွေ၊ ရှမ်းတွေ အများကြီးပါပါတယ်။ နောက်ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါ်ဒွဲဘူကလည်း ပြောဖူးပါတယ်။ သူတို့ ကချင်လူမျိုးတွေဟာ ခေသူမဟုတ်လို့ ပြောတာမှတ်သားမိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်တို့အနေနဲ့ ဒီအကြံပြုအပြိုင်စနစ်လေးကို ကျင့်သုံးမယ်ဆိုရင်လည်း တိုင်းဒေသကြီး/ပြည်နယ်အားလုံးမှာ တစ်ပြိုင်တည်းကျင့်သုံးသင့်ပါတယ်လို့ ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဝင်းထိန်၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသောဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ခင်ဗျာ။ ကျွန်တော်က မိတ္ထီလာမဲဆန္ဒနယ်က ဦးဝင်းထိန် ပါ။ ကျွန်တော် ဒီလွှတ်တော်မှာ တင်ပြဆွေးနွေးမယ့်အကြောင်းအရာကတော့ မဲများသူအနိုင်ယူစနစ်ကို ထောက်ခံပြီးတော့မှ PR စနစ်ကို ကန့်ကွက်ဆွေးနွေးမှာဖြစ်ပါတယ်။ အားလုံးလည်း သိပြီးသားဖြစ်သော်လည်းပဲ ပိုပြီးတော့ လေးနက်အောင်

တင်ပြပါရစေ။ အမျိုးသားညီလာခံစပြီးတော့ ကျင်းပကတည်းက ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုတဲ့အထိ PR ဆိုတဲ့အသံ မကြားခဲ့ဖူးပါဘူး။ တိုင်းပြည်အတွက် တကယ်တမ်းအကျိုးရှိမယ်ဆို ရင် PR စနစ်ကို အဲ့ဒီကတည်းက ဘာဖြစ်လို့များ စဉ်းစားပြီးတော့ မထည့်ခဲ့သလဲ။ ဒါတစ်ချက်။ အဲ့ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ PR စနစ်တွေနဲ့ပတ်သက်လို့ မပါတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် ပုဒ်ထီး၊ ပုဒ်မတွေတော့ မပြောတော့ပါဘူး။ ဖွဲ့စည်းပုံမှာမပါတဲ့အတွက်ကြောင့်မို့လို့ PR စနစ် ကိုသာ ကျင့်သုံးမယ်ဆိုရင် ဖွဲ့စည်းပုံတစ်ခုလုံးကို ပြင်ရပါလိမ့်မယ်။ အဲ့ဒီလိုပြင်မှသာလျှင် PR စနစ်ကို ဆက်လက်ကျင့်သုံးနိုင်မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲ့ဒီလိုသွားဖို့အဆင့်ပေါင်းက အခြေအနေ ရော၊ ငွေကုန်ကြေးကျရော၊ အချိန်တွေရော အများကြီးကုန်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုစနစ် တစ်ခုပြောင်းဖို့ဆိုတာက အလှမ်းဝေးနေပါဦးမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့စနစ်တစ်ခု ပြောင်းမယ်ဆိုလို့ရှိရင် ပြည်သူလူထုရဲ့ပြင်းပြတဲ့ ဆန္ဒနဲ့ တောင်းဆိုချက်အရသာလျှင် ပြောင်းသင့်ပါတယ်။ အခု FPTP စနစ်ကနေ PR စနစ်ကိုပြောင်းဖို့ ဆိုတာက ပြည်သူလူထုရဲ့တောင်းဆိုချက်မပါပါဘူး။ လွှတ်တော်ထဲမှာ ပါတီတချို့က တင်ပြပြီးတော့မှ PR စနစ်ကို ပြောင်းချင်တယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးသိပြီးသားပါ။ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့ဆန္ဒရှိမှ လွှတ်တော် ရဲ့ဆန္ဒဖြစ်လာမှာပါ။ အခု PR စနစ်ကို ပြည်သူလူထုက မတောင်းဆိုဘဲနဲ့ လွှတ်တော်မှာ ဆွေးနွေး ညှိနှိုင်းပြီးတော့မှ ဆုံးဖြတ်ပြီးအတည်ပြုမယ်ဆိုရင်တော့ လွှတ်တော်ဆန္ဒသည် ပြည်သူ့ဆန္ဒနှင့် ကိုက်မလား၊ မကိုက်ဘူးလားဆိုတာ စဉ်းစားတွေးခေါ်ဖို့ တိုက်တွန်းပါရစေ။ ဒါတစ်ချက်ပေါ့။

နောက်တစ်ချက်ကတော့ အခု PR စနစ်နဲ့ပတ်သက်ပြီး ပြောဆိုချင်တဲ့၊ ဆွေးနွေးချင်တဲ့ပုဂ္ဂိုလ် တွေ၊ ထောက်ခံတဲ့ပုဂ္ဂိုလ်တွေကို ကျွန်တော် ထောက်ပြချင်တာက PR စနစ်ကျင့်သုံးတဲ့နိုင်ငံတိုင်းမှာ ရှာကြည့်ပါ။ ရွေးချယ်တင်မြှောက်ခြင်းမခံရတဲ့ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ဘယ်နိုင်ငံမှာမှမရှိဘူး။ PR စနစ်ကျင့်သုံးတဲ့နိုင်ငံတွေမှာ ရှာကြည့်ပါ။ အခု ဒါ ကျွန်တော် အားတော့နာပါတယ်။ ဖွဲ့စည်းပုံအရ ပါဝင်တဲ့ တပ်မတော်ကိုယ်စားလှယ်တွေက ၂၅ ရာခိုင်နှုန်းပါတာကို ကျွန်တော် လက်ခံတယ်။ ဆက်လက်ပြီးတော့ ရှေ့လည်းဆက်ပြီးတော့ ခရီးသွားနိုင်အောင်၊ ခရီးဆက်နေရဦးမယ်ဆိုတာလည်း ကျွန်တော် သိပါတယ်။ သို့သော်လည်းပဲ PR စနစ်ကို ကျင့်သုံးမယ်ဆိုရင်တော့ ရွေးချယ်တင်မြှောက် ခြင်းမခံရတဲ့ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းက ရှိသင့်/မရှိသင့်ဆိုတာ အများကြီးစဉ်းစားဖို့ ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံလို တပ်မတော်ကနေပြီးတော့ တဖြည်းဖြည်းနဲ့ လွှတ်တော်ကနေနောက်ဆုတ်ပြီး အခု

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ အပြည့်အဝပါတဲ့ စနစ်တည်ထောင်နိုင်ပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တပ်မတော်က ဒီအတိုင်းပဲ ၂၅ ရာခိုင်နှုန်းဆက်ပြီးတော့ တောင်းဆိုနေမယ်လို့ ကျွန်တော် မယုံကြည်ပါဘူး။ တဖြည်းဖြည်းနဲ့ ဒီမိုကရေစီ ရင့်ကျက်လာသည်နှင့်အမျှ တပ်မတော်ရဲ့ ကဏ္ဍဟာ တဖြည်းဖြည်းနဲ့လျော့သွားမယ်ဆိုတာလည်း ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ PR စနစ်ကို ကျင့်သုံးမယ်လို့ ကျင့်သုံးသင့်တယ်လို့ ထောက်ခံတဲ့ပုဂ္ဂိုလ်တွေဟာ အဲ့ဒီ PR စနစ်ကျင့်သုံးတဲ့နိုင်ငံတွေမှာ ရွေးချယ်တင်မြှောက်ခြင်းမခံရတဲ့အုပ်စု မရှိဘူးဆိုတဲ့အချက်ကိုတော့ သတိမူကြဖို့ တင်ပြလိုပါတယ်။ နောက်တစ်ချက်ကတော့ ဒါကတော့ အခြေခံအချက်အလက်ပါ။ ကျွန်တော်ဟာ မိတ္ထီလာမှာ ကြားဖြတ်ရွေးကောက်ပွဲနဲ့ပတ်သက်လို့ အစည်းအဝေးသွားရင်းနဲ့ ရွာပေါင်း ၂၀၀ ကျော် ရောက်ခဲ့ပါတယ်။ အဲ့ဒီ ရွာပေါင်း ၂၀၀ ကျော်ကို ရောက်ရင်းနဲ့ စည်းရုံးရေးလုပ်ရင်းနဲ့ Voter Education တင်ပြခဲ့တယ်။ တိုက်တွန်းခဲ့တယ်။ စည်းရုံးခဲ့တယ်။

သို့သော် တကယ်တမ်းရွေးကောက် ပွဲလုပ်တဲ့အခါမှာ Voter Education တွေလုပ်ပြီးတော့ ဘယ်လိုခြစ်ရတယ်။ ဘယ်လိုအမှန်ခြစ်ရတယ်ဆိုတာကို ပြထားရဲ့သားနဲ့ အမှန်မခြစ်နိုင်လို့ ပယ်မဲဖြစ်တဲ့မဲအရေတွေဟာ ထောင်ပေါင်းမြောက်မြားစွာ ရှိပါတယ်။ အရေအတွက်တော့ ကျွန်တော် မမှတ်မိတော့ပါဘူး။ အဲ့ဒီတော့ သာမန် FPTP စနစ်နဲ့ အမှန်ခြစ်ကလေးတောင်မှ မခြစ်နိုင်တဲ့ အသိဉာဏ်နည်းတဲ့ပုဂ္ဂိုလ်တွေ၊ ပညာအခြေခံနည်းတဲ့ပုဂ္ဂိုလ်တွေ ရှိတဲ့အတွက်ကြောင့်မို့လို့ အင်မတန်ရှုပ်ထွေးတဲ့ PR စနစ်ကို ကျင့်သုံးရင် ဘယ်လောက်အထိ ခက်ခဲမယ်ဆိုတာလည်း ခန့်မှန်းကြည့်ကြစေလိုပါတယ်။ အခု ပြီးခဲ့တဲ့အပတ်က ကော်မရှင်ကဝေတဲ့အစီရင်ခံစာကို ကျွန်တော်တို့ ဒီလွှတ်တော်ကိုယ်စားလှယ် ထဲကပေါ့။ ကျွန်တော်တို့ ပါတီကမဟုတ်ပါဘူး။ တခြားပါတီက ပုဂ္ဂိုလ်တစ်ယောက်က ဖတ်တဲ့အခါမှာ ဖတ်လည်းဖတ်ပြီးရော ခေါင်းမူးသွားတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ သူနားမလည်ဘူး။ ကျွန်တော်လည်း ဖတ်ရင်းဖတ်ရင်းနဲ့ ခေါင်းရှုပ်သွားတယ်။ အဲ့ဒီတော့ လွှတ်တော်ထဲမှာရော၊ ရွေးကောက်ပွဲထဲမှာရော ထဲထဲဝင်ဝင်ပါတဲ့ ကျွန်တော်တို့တောင်မှ နားမလည်ရင် ပြည်သူလူထုက ဘယ်လောက်အထိ ခေါင်းရှုပ်မလဲ၊ ခက်ခဲမလဲဆိုတာကို ခန့်မှန်းကြည့်ကြစေလိုပါတယ်။ အဲ့ဒီတော့ ကျွန်တော် ဒီအချိန်မှာ ဒီအခါမှာတော့ အင်္ဂလိပ်စကားလေးတစ်ခု သုံးပါရစေ။ Why Rock the boat သူ့ဟာသူ တည်နေတဲ့လှေကို ဘာလို့လှုပ်ချင်ရတာလဲ။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၇ ခုနှစ်က စပြီးတော့ ရွေးကောက်ပွဲတွေ ကျင်းပခဲ့တယ်။ ၁၉၅၂ ခုနှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၆၀၊ ၁၉၉၀၊ ၂၀၁၀၊ ၂၀၁၂ ရွေးကောက်ပွဲတွေရော၊ ကြားဖြတ်ရွေးကောက်ပွဲတွေရော ကျင်းပတဲ့အခါမှာ အဲ့ဒီ FPTP စနစ်ကြောင့်

ကြီးမားတဲ့ချို့ယွင်းချက်၊ ကြီးမားတဲ့ပြဿနာ ပေါ်ခဲ့ဖူးပါသလား။ စဉ်းစားကြည့်ရပါမယ်။ အဲ့ဒီလို ကြီးမားတဲ့ပြဿနာမပေါ်ခဲ့ဖူးတဲ့ ဒီစနစ်ကို ပြောင်းမယ်ဆိုတာဟာ ဒါ ပြည်သူလူထုရဲ့ အကျိုးနဲ့ ကိုက်ညီမှုရှိမလား။ ဒါလည်း စဉ်းစားစေချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြတဲ့အချက်တွေ မူတည်ပြီးတော့မှ PR စနစ်ကို ပြောင်းမယ်ဆိုရင် အချိန်ကုန်ရမယ်။ ငွေကုန်မယ်။ နောက်ဆုံး Referendum ထိပါဦးတည်တဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုဆွေးနွေးနေတဲ့ PR စနစ်ကိုပြောင်းမယ့်အစား မဲများသူအနိုင်ယူစနစ် FPTP ကိုပဲ ထောက်ခံကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဟန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးမြင့်ဟန်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်ရေး လေ့လာသုံးသပ်ရေးကော်မရှင် လေ့လာသုံးသပ်ချက် အစီရင်ခံစာအပေါ်မှာ အပြုသဘောဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုက်လျောညီထွေရှိမယ့် ရွေးကောက်ပွဲနည်းလမ်းကို ရွေးချယ်ခြင်းဟာ တစ်နည်းအားဖြင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု Electoral Reform လုပ်ဖို့ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဟာ ကျယ်ပြန့်တဲ့ကိစ္စရပ်တွေနဲ့ ဆက်စပ်နေတာ လေ့လာတွေ့ရှိရပါတယ်။ အဲ့ဒါတွေကတော့ ကောင်းမွန်တဲ့ ရွေးကောက်ပွဲစီမံအုပ်ချုပ်မှုအဖြစ် မှတ်ကျောက်တင်နိုင်ဖို့ State Holder များကြားမှာ ယုံကြည်မှုရစေဖို့ အားလုံးသဘောတူညီပြီးတော့မှ အငြင်းပွားမှုတွေကိုလျှော့ချပြီး ပွင့်လင်းမြင်သာမှုအပြည့်ရှိအောင် အားထုတ်ရပါတယ်။ ပြည်တွင်းပြည်ပလေ့ကျင့်ရေးအစီအစဉ်အနေနဲ့ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဘာသာရပ် နယ်ပယ်ကို ပိုမိုကျွမ်းကျင်စေဖို့ လုပ်ဆောင်ရပါတယ်။ တိုင်ရင်းသားပြည်သူအားလုံး ကိုယ်စားပြုပါဝင်မှုတိုးမြှင့်ဖို့ လုပ်ဆောင်ရပါတယ်။ ရွေးကောက်ပွဲဥပဒေကိုလည်း ပြန်လည်ပြီးသုံးသပ်ရပါတယ်။ Voter Education မှာလည်း ပိုမိုကျေညက်နားလည်အောင် လုပ်ဆောင်ရပါတယ်ခင်ဗျ။ အဲ့ဒီ အထက်ဖော်ပြပါ သဘောတရားတွေအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ရဲ့ ပုဒ်မ ၁၀၉ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားကြည့်တဲ့အခါမှာ One Decate ဆယ်စုနှစ်တစ်ခုကျော်လောက် ကျွန်တော်တို့ မျှော်ခေါ်တွေးဆဆောင်ရွက်ခဲ့တဲ့အခြေအနေ၊ မြန်မာ့

ဒီမိုကရေစီဖော်ဆောင်မှုရဲ့ အုတ်မြစ်မှာ အလေးအတင်းထားတဲ့မူဘောင်ရဲ့ ကြောင်းကျိုးခိုင်လုံမှုများစွာရှိနေနိုင်မှုစတဲ့ အကျုံးဝင်တဲ့အချက်တွေ သုံးသပ်ဖော်ထုတ်သင့်ပါတယ်။

ဒုတိယအချက်ကတော့ ရွေးကောက်တင်မြောက်ခြင်းစနစ်ရဲ့ အဓိကအစိတ်အပိုင်းတွေကို သုံးသပ်ကြည့်ခြင်းဖြစ်ပါတယ်။ အဲ့ဒီမှာ မဲဆန္ဒနယ်သတ်မှတ်မှု၊ အနိုင်ရကိုယ်စားလှယ် ရွေးချယ်မှုပုံစံနဲ့ ဆန္ဒမဲလက်မှတ် မဲပြားရဲ့ ဖွဲ့စည်းတည်ဆောက်ပုံတို့ ပါဝင်မှာတွေ့ရပါတယ်။ လေ့လာသုံးသပ်ရေးကော်မရှင်ရဲ့ ဦးစားပေးချက်အရ ကိုယ်စားလှယ်ဗဟိုပြုတဲ့ Candidate Center မဲဟာ ပါတီကို ဗဟိုပြုတဲ့ ပါတီ Center မဲအဖြစ် ပြောင်းလဲရယူတဲ့အပေါ်မှာ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲနဲ့ မဲပေးလိုက်ကြတဲ့ မဲဆန္ဒရှင်တွေရဲ့ ပတ်ဝန်းကျင်ဒေသတွေမှာ ဘေးထွက်ဆိုးကျိုးဖြစ်ပေါ် လာနိုင်ခြင်းရှိ/မရှိ သုံးသပ်ဖော်ထုတ်သင့်ပါတယ်။ တတိယအချက်ကတော့ နိုင်ငံရေးရေချိန်မြင့်မားနေတဲ့ ပတ်ဝန်းကျင်မှာ ရွေးကောက်ပွဲတွေဟာ ရွေးကောက်ပွဲစက်နဲ့ ပဋိပက္ခနဲ့ချိုးဖောက်မှုတွေရဲ့ မောင်းခလုတ် Trigger ဖြစ်သွားတတ်တာကို သတိပြုပြီးတော့မှ မိမိတို့နိုင်ငံရဲ့ မျက်မှောက်နဲ့ ဆက်စပ်ကာလရဲ့ နိုင်ငံရေးရေချိန် အကဲစပ်မှုတွေ အကဲဖြတ်ပြီးတော့မှ ကြိုတင်သုံးသပ်နိုင်ဖို့ဖြစ်ပါတယ်။ စတုတ္ထရဲ့ နောက်ဆုံးအချက်ကတော့ မဲဆန္ဒရှင်သဘောထား Voter Opinion ကို ကျွန်တော်တို့ လက်လှမ်းမီ Survey လုပ်ကြည့်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါ နေပြည်တော် ဇရိယာနဲ့ အနီးဆုံး ပျဉ်းမနားအရှေ့ခြမ်း ပေါင်းလောင်းဆည်တဝိုက်က ဒါ ကျွန်တော်တို့ ကြည်တောင်၊ ခေါမတို့၊ သံတောင်၊ ဘုတ်မတို့၊ လယ်ဝေးမြို့နယ်ထဲက အေလာတို့၊ သာဝတ္တိတို့၊ မင်းပြင်တို့ သစ်ပုပ်ပင်တို့စတဲ့ ကျွန်တော်တို့ ကျေးလက်နဲ့ မြို့ပြဆက်စပ်နယ်မြေတွေက Voter Opinion ကို ကျွန်တော်တို့ လက်လှမ်းတမီ Survey လုပ်ကြည့်ရင်တောင် ဒါ အချို့သော State Holder များရဲ့ သဘောထားကို ကျွန်တော်တို့ ထည့်သွင်းသုံးသပ်ဆွေးနွေးနိုင်ကြမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲစနစ် ရွေးချယ်ခြင်းဟာ အခြေခံအားဖြင့် နိုင်ငံရေးဖြစ်စဉ်တစ်ရပ်ဖြစ်ပြီးတော့မှ လွတ်လပ်တဲ့ကျွမ်းကျင် ပညာရှင်တွေက တစ်ခုတည်းအဖြေမှန် ထုတ်ပေးနိုင်တဲ့ အမေးပုစ္ဆာမျိုးလည်း မဟုတ်ပါဘူး။ နိုင်ငံရေးအကျိုးအမြတ်ရရှိစေခြင်းဟာ ရွေးကောက်ပွဲစနစ် ရွေးချယ်ရာမှာ အမြဲတမ်းလိုလို အခြေခံအကြောင်းအရာ တစ်ရပ်အနေနဲ့ ပါဝင်တတ်ပါတယ်။ လတ်တလောအကျိုးအမြတ်ကို ရှေးရှုခြင်းဖြင့် တစ်ခုသော ရွေးကောက်ပွဲစနစ်ရဲ့ ရေရှည်အကျိုးဆက်တွေကိုလည်း မေ့မှိန်စေတတ်ပါတယ်။ ရွေးကောက်ပွဲစနစ် ရွေးချယ်ခြင်းဟာ ကျယ်ပြန့်တဲ့နိုင်ငံရေးနဲ့ အခြေခံအဆောက်အအုံဖွဲ့စည်းပုံအထိ အကျိုးသက်ရောက်မှုရှိတတ်ပြီးတော့မှ ရွေးကောက်ပွဲစနစ်ကို တစ်ခုတည်းကွက်မကြည့်မိဖို့ အရေးကြီးပါတယ်။ ရွေးကောက်ပွဲစနစ်

ဒီလို Design နဲ့ အကျိုးဆက်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းနဲ့ အပြင်က အခြားသောအချင်းအရာတွေအပေါ်မှာလည်း နက်နက်ရှိုင်းရှိုင်း မူတည်နေပါတယ်။ အောင်မြင်တဲ့ ရွေးကောက်ပွဲစနစ်တည်ဆောက်ခြင်းဟာ နိုင်ငံရေးအဆောက်အအုံများကို ခြုံငုံသုံးသပ်ခြင်းအပေါ်မှာ မူတည်ပြီးတော့မှ ယင်းစနစ်ရဲ့ အစိတ်အပိုင်းတစ်ခုပြောင်းလဲလိုက်ခြင်းဟာ စနစ်လုပ်ဆောင်ရာ အခြားအဆောက်အအုံတွေကိုလည်း ညှိယူရမှာဖြစ်ပါတယ်။ Electoral Justice Consent မှာ ဥပဒေမူဘောင်စည်းနှောင်မှုထက် ပိုပြီးတော့ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်ကို ထိန်းသိမ်းခြင်းနှင့် State Holder များအကြား ဆောင်ရွက်မှုများကို ဩဇာရှိတဲ့အကြောင်းအချင်းအရာ လည်းဖြစ်ပါတယ်။ အဲ့ဒီအပြင် ရွေးကောက်တင်မြှောက်ပိုင်ခွင့်၊ ရွေးကောက်ခံပိုင်ခွင့်တွေဟာ နိုင်ငံရေးပါမစ်ပုံစံတစ်မျိုးဖြစ်သလို လူ့အခွင့်အရေးပုံစံတစ်မျိုးလည်း ဖြစ်ပါတယ်။

ဒါကြောင့် ရွေးကောက်ပုံစနစ် ရွေးချယ်မှုနှင့်ပတ်သက်ပြီးတော့မှ State Holder များအကြားမှာ ယုံကြည်မှုနည်းနေရင်၊ State Holder တွေကြားထဲ ဆောင်ရွက်မှုကို ဩဇာသက်ရောက်မှုမရှိရင်၊ ဘေးထွက်ဆိုးကျိုးထွက်ပေါ်လာရင် နိုင်ငံရေးဖြစ်စဉ်ကို ခြုံငုံမိခြင်းမရှိရင် လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် Image ပြောင်းပြီးတော့မှ အစွန်းတစ်ဖက်ကို ရောက်ရှိသွားမှာကို ကျွန်တော်တို့သတိထားရမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ မြန်မာ့ဒီမိုကရေစီဖော်ဆောင်မှုရဲ့ အုတ်မြစ်မှာ အလေးအတင်းထားတဲ့မူဘောင်ကို ကျွန်တော်တို့ အလေးအနက်ထားပြီးတော့ State Holder များအကြားမှာ ယုံကြည်မှုပိုမိုစေနိုင်ပြီးတော့ ဘေးထွက်ဆိုးကျိုးများကို တွက်ဆဆင်ခြင်ကာ မျက်မှောက်နဲ့ဆက်စပ်ကာလရဲ့ နိုင်ငံရေးပတ်ဝန်းကျင်မှာ ကိုက်ညီမယ့်ရွေးကောက်ပွဲနည်းလမ်းကို ရွေးချယ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းသုံးသပ်ခြင်းဖြင့် သင့်လျော်မယ့် ရွေးကောက်ပွဲနည်းလမ်းကို ရွေးချယ်သင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံး လေးစားစွာဂါရဝပြုပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ဒေါ်လှဲ့လှဲ့ဝင်းဆွေ၊ တာမွေမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်လှဲ့လှဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဲ့လှဲ့ဝင်းဆွေ ဖြစ်ပါတယ်ရှင်။ လေးစားရပါတဲ့ဥက္ကဋ္ဌကြီးရှင့်။ ကော်မရှင်ရဲ့အစီရင်ခံစာအရ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် ရွေးကောက်ပွဲစနစ်တစ်ခု ပြဋ္ဌာန်းနိုင်ရေးအတွက် ကော်မရှင်အနေနဲ့ မိမိတို့နိုင်ငံထက် ဒီမိုကရေစီနိုင်ငံအဖြစ် အရင်ထူထောင်

နိုင်ခဲ့ကြတဲ့ နိုင်ငံပေါင်းများစွာရဲ့ ရွေးကောက်ပွဲစနစ်များကို လေ့လာသုံးသပ်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့ကြပြီး မြန်မာနိုင်ငံနဲ့လိုက်လျောညီထွေဖြစ်စေမယ့် ရွေးကောက်ပွဲစနစ်များရရှိနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း၊ ကမ္ဘာမှာ ယနေ့ ကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ် ၁၂ မျိုးရှိတဲ့အနက် ကမ္ဘာ့နိုင်ငံအသီးသီးဟာ မိမိနိုင်ငံနဲ့ သင့်လျော်မယ့် စနစ်များကို ရွေးချယ်ပြီး စီမံဆောင်ရွက်နေကြတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့လည်း နိုင်ငံနဲ့သင့်လျော်မယ့်ရွေးကောက်ပွဲပုံစံ ၈ မျိုးကို ကော်မရှင်က အဆိုပြုတင်ပြထားတာကို တွေ့ရှိရပါတယ်။ ကော်မရှင်ရဲ့အစီရင်ခံစာပါ ရွေးကောက်ပွဲစနစ် ၈ မျိုးအနက် တင်ပြချက်များကို ကျွန်မတို့လေ့လာကြည့်တဲ့အခါမှာ ကျွန်မတို့ နိုင်ငံရဲ့နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းချက်များအတွင်းကနေပြီး ဆောင်ရွက်နိုင်မယ့် ရွေးကောက်ပွဲစနစ် ၄ မျိုးနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အနည်းငယ်ပြင်ဆင်ပြီး ဆောင်ရွက်ရမယ့် ရွေးကောက်ပွဲပုံစံ ၄ မျိုးကို အဆိုပြုတင်ပြထားတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကော်မရှင်က တင်ပြထားတဲ့ ရွေးကောက်ပွဲပုံစံစနစ်များအနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်ရဘဲ ၎င်းဥပဒေအတွင်းကနေဆောင်ရွက်နိုင်မယ့်ရွေးကောက်ပွဲပုံစံစနစ် ၄ ခုအနက် မဲအများဆုံးအနိုင်ယူစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်တို့ပေါင်းစပ်ထားတဲ့ ရွေးကောက်ပွဲစနစ်ပုံစံဟာ ယနေ့ကျွန်မတို့ နိုင်ငံနဲ့ကျင့်သုံးရဖို့ အသင့်လျော်ဆုံးဖြစ်နေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တင်ပြပါရွေးကောက်ပွဲစနစ်များကို တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနဲ့ နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တစ်နိုင်ငံလုံးမှာ မဲအများဆုံးရသူအနိုင်ယူစနစ်နဲ့ ကျင့်သုံးနေကျ ရွေးကောက်ပွဲစနစ်သာ ဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူများ မဲပေးတဲ့နေရာမှာ မဲပေးတဲ့စနစ်အပြောင်းအလဲမရှိတဲ့အတွက် အခက်အခဲမရှိ မဲပေးနိုင်ခြင်း၊ မဲဆန္ဒနယ်မြေများပြင်ဆင် သတ်မှတ်ရန်မလိုအပ်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့အတိုင်း ဆောင်ရွက်နိုင်ခြင်းစတဲ့အကြောင်းများကြောင့် ကော်မရှင်ရဲ့အဆိုပြုတင်ပြချက် ရွေးကောက်ပွဲစနစ် ၈ ခုအနက် အထက်ပါရွေးကောက်ပွဲစနစ်ကို ကျွန်မအနေနဲ့ ထောက်ခံသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့ လူဦးရေ သန်း ၆၀ မှာ ကျွန်မတို့မြန်မာအမျိုးသမီးများဟာ လူဦးရေရဲ့ထက်ဝက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်းများစွာကလည်း ကျွန်မတို့နိုင်ငံရဲ့ ဒေါက်ကြီး ၃ ဒေါက်ဖြစ်တဲ့ လွှတ်တော်၊ အစိုးရ၊ တရားရေးအဖွဲ့တွေမှာ အမျိုးသမီးတွေပါဝင်မှုနှုန်းနည်းပါးနေတာကို အမျိုးသမီးတွေဘယ်လိုပုံစံနဲ့ လွှတ်တော်အတွင်းမှာသော်လည်း

ကောင်း၊ အစိုးရအဖွဲ့အစည်းအတွင်းမှာသော်လည်းကောင်း၊ တရားဥပဒေအဖွဲ့အစည်းအတွင်းမှာ သော်လည်းကောင်း ရောက်ရှိမလဲဆိုတဲ့အချက်တွေကို ဖိအားပေးမှုတွေ၊ အားပေးမှုတွေ၊ ပြစ်တင်မှုတွေ နဲ့ ပြည်တွင်းပြည်ပဆွေးနွေးပွဲကြီးတွေ၊ အမျိုးသမီး Conference တွေမှာ ဆွေးနွေးမေးမြန်းလျက် ရှိပါတယ်။ ဒါကြောင့် ကျွန်မတို့မြန်မာနိုင်ငံမှာ မြန်မာအမျိုးသမီးတွေ နိုင်ငံရေးနယ်ပယ်မှာ များစွာ ပါဝင်လာနိုင်ဖို့အတွက် ယခုကော်မရှင်က တင်ပြထားတဲ့အချက် ၈ ချက်အနက် အချက်(၃)နဲ့(၄)က အခွင့်အရေးအရဆုံးပဲဖြစ်တာကို ကျွန်မလေ့လာတွေ့ရှိရပါတယ်။ ကျွန်မကလည်း အမျိုးသမီးကိုယ်စား လှယ်ဖြစ်နေတဲ့အတွက် လာမယ့်ရွေးကောက်ပွဲမှာ အမျိုးသမီးတွေ ပိုမိုပြီးပါဝင်လာနိုင်ဖို့အတွက် အကောင်းဆုံးရွေးကောက်ပွဲစနစ်ဖြစ်လို့ ထောက်ခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ပြည်သူတွေက ကျေနပ်နေကြပါတယ်။ ဒီကနေ့ နိုင်ငံ တိုးတက်ဖို့၊ ပြည်သူတွေစစ်မှန်တဲ့ဒီမိုကရေစီကိုရရှိဖို့၊ တိုင်းရင်းသူတွေ နိုင်ငံတော်အတွင်း၊ နိုင်ငံရေး နယ်ပယ်အတွင်းမှာ ဝင်ရောက်နိုင်ဖို့၊ အမျိုးသမီးနှင့်အမျိုးသား တန်းတူအခွင့်အရေးနှင့် အမျိုးသမီး တွေက တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်ဖို့အတွက် ကော်မရှင်ကတင်ပြထားတဲ့ အထက်ပါနည်းလမ်း (၃)၊ (၄)ဟာ ကျွန်မတို့ မြန်မာအမျိုးသမီးတွေ အထူးသဖြင့် စွမ်းဆောင်ရည်မြင့်မားတဲ့ မြန်မာ အမျိုးသမီးတွေဟာ နိုင်ငံရေးနယ်ပယ်ထဲကို ဝင်လာနိုင်တဲ့အခွင့်အရေးတစ်ရပ်ဖြစ်လို့ မျှော်လင့်နေကြ ပါတယ်။ ဒါကြောင့်မို့လို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ကတော့ မြန်မာနိုင်ငံမှာ မြန်မာအမျိုးသမီးတွေ စွမ်းဆောင်ရည်မြင့်မားပြီး နိုင်ငံရေးနယ်ပယ်မှာ ဝင်ရောက်နိုင်ဖို့အတွက် ယခု ကော်မရှင်ကတင်ပြထားတဲ့နည်းလမ်းကို လေးစားစွာထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါ တယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ရွေးကောက်ပွဲစနစ်နည်းလမ်း နဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ဆွေးနွေးမှုဟာ အပြုသဘော ဆောင်ပြီး အဆင့်အတန်းမြင့်မြင့်နဲ့ ဆွေးနွေးသွားတာကို လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကြိုဆိုပါတယ်။ ဂုဏ်လည်းပြုပါတယ်။ နောင်ဆွေးနွေးကြမယ့်ကိုယ်စားလှယ်များအနေနဲ့လည်း ယခုလိုပဲ အဆင့် အတန်းမြင့်မြင့် အပြုသဘောဆောင်ပြီး ဆက်လက်ဆွေးနွေးသွားဖို့လည်း လိုလားဆန္ဒရှိပါတယ်။ ယနေ့ ဆွေးနွေးသွားတဲ့ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်က အချိန်မရလို့ စနစ်နဲ့ Design အချိန်ရရင် တင်ပြမယ်ဆိုတဲ့ သဘောသက်ရောက်တဲ့ကိစ္စများလည်း လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ မှတ်သားမိလိုက်ပါ တယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌက အချိန်ပေးတဲ့အချိန်မှာ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ကိုလည်း

အခုနက စနစ်၊ Design ကို လွှတ်တော်မှာ ရှစ်မိနစ်ထက် မပိုသောအချိန်မှာ ဆွေးနွေးနိုင်ဖို့အတွက်လည်း ပြင်ဆင်ထားစေချင်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]